မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၁၀ရက်၊ တနင်္လာနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၁၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး နှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက် မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး နှင့် ပညာရည်မြင့်မားရေး

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ မုန်တိုင်းတိုက်ခတ်ပြီး ရေကြီးရေမြုပ်မှုမျိုးအပြင် မိုးခေါင်မှု၊ သောက်သုံးရေရှားပါးမှုဆိုသည့် အခြားဘေးအန္တရာယ်အမျိုးမျိုးလည်းပါရှိ

မည်သည့် သဘာဝဘေးအန္တရာယ်ကိုဖြစ်စေ ရင်ဆိုင်ဖြေရှင်းနိုင်အောင် ပြင်ဆင်ဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရာဇူဒိုင်တံတားအမှတ်(၁) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းအတွင်း တည်ဆောက်ရေးနှင့် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရောက်ရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ် များလိုက်ပါလျက် နံနက် ၇နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် ဧရာဝတီတိုင်း ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်ရှိ ရုံးဒေါင့်ကျေးရွာသို့ ရောက်ရှိကြသည်။

ကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်ဆွေနှင့် ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❍

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မေ ၁၀ ရက်)

အမျိုးသားယဉ်ကျေးမှု စာပေအမွေအနှစ်များ ဝိုင်းဝန်းထိန်းသိမ်းမြှင့်တင်

မြန်မာနိုင်ငံသည် ခေတ်အဆက်ဆက်တွင် မြန်မာစာပေ၏လောကအကြောင်း၊ ဓမ္မကြောင်းဆိုင်ရာ လမ်းညွှန်မှုများကိုအခြေခံ၍ ထည်ဝါခဲ့ညားသည့် အမျိုးသားယဉ်ကျေးမှုနှင့်အတူ အမျိုး၊ ဘာသာ၊ သာသနာကို ထိန်းသိမ်းမြှင့်တင်နိုင်ခဲ့သည်။

မျက်မှောက်ခေတ် စာပေပညာရှင်များ၊ စာပေလောကသားများသည် အမျိုးသားရေး အမွေခံကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းပြီး တိုင်းရင်းသားပြည်သူများအတွင်း မှန်ကန်သည့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အတွေးအမြင်များ ခံယူကျင့်သုံးရေး၊ အချင်းချင်း ရိုင်းပင်းညီညွတ်ပြီး အရေးကြီးလျှင်သွေးစည်းသည့် ပြည်ထောင်စုစိတ်ဓာတ်များ ထိန်းသိမ်းတည်ဆောက်ရေး၊ ဂုဏ်ယူဖွယ်ရာ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးအတွက် အသိပညာ၊ နည်းပညာ မြင့်မားတိုးတက်ရေးတို့ကို စာပေစွမ်းပကားဖြင့် လှုံ့ဆော်အားပေးသွားကြရမည် ဖြစ်သည်။

နှစ်ပေါင်းထောင်ချီခဲ့သည့် မြန်မာနိုင်ငံ၏သက်တမ်းတစ်လျှောက် စာပေပညာရှင် ရဟန်းရှင်လူအများ အပါအဝင် တိုင်းကျိုးပြည်ဆောင် မျိုးချစ်ပုဂ္ဂိုလ်များ၏ ကြိုးပမ်းအားထုတ်မှုကြောင့် အမျိုးသားယဉ်ကျေးမှု အနုပညာအမွေအနှစ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်ခဲ့ကြသည်။

တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်လာပြီး အမျိုးသားယဉ်ကျေးမှုလက္ခဏာများ တိမ်ကောသွားစေမည့်အန္တရာယ်ကို စာပေစွမ်းအား၊ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုစွမ်းအားများဖြင့် ဟန့်တားဖယ်ရှားသွားကြရမည် ဖြစ်သည်။

စာပေပညာရှင်များသည် သမိုင်းအစဉ် ထုထည်အင်အားကြီးမားစွာတည်ရှိလာသည့် မိမိတို့၏ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို အရိုးပေါ် အရွက်မဖုံးစေဘဲ ထိန်းသိမ်းစောင့်ရှောက်၍ နိုင်ငံတကာသို့ ထုတ်ဖော်ပြသနိုင်ရေး၊ ဂန္ထဝင်စာပေ၊ ကမ္ဘာ့စာပေများနှင့် ခေတ်ပြိုင်စာပေများကို မြန်မာစာဖတ်ပရိသတ်များ ရင်းနှီးကျွမ်းဝင်ပြီး အတွေးအခေါ် ဗဟုသုတကြွယ်ဝရေးအတွက် ကြိုးပမ်းသွားကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ စာပေပညာရှင်များ၊ စာပေလောကသားများသည် အစဉ်အလာကြီးမားသည့် အမျိုးသားရေးအမွေခံကောင်းများကို လက်ဆင့်ကမ်း ထိန်းသိမ်းမြှင့်တင်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အသိပညာ၊ နည်းပညာစွမ်းအားများ မြင့်မားတိုးတက်ရေး အတွက် စာပေစွမ်းပကားဖြင့် စွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၀-၅-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၅ ၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၃၅ ၅။ မျိုးချစ်တပ်မတော်
၄:၄၅ ၆။ စိုက်ပျိုးသုတ
၄:၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၁။ လျှပ်တစ်ပြက်
၆:၄၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၂၆)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ Talk of The Town
၁၉။ မေးမြန်းစူးစမ်း
၂၀။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘည်းတွင်မည့် ချင်သူ့ရဲကောင်း** (အပိုင်း-၁၉)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း ပြည်(ရွှေတံခါး)-ပေါက်ခေါင်း လမ်းပိုင်းတွင် မြေသားလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကွန်ကရစ်ဇလီဖားစက်ရုံ (ဥသျှစ်ပင်) တည်ဆောက်နေမှု ဝန်ကြီး ဦးအောင်မင်း ကြည့်ရှုစစ်ဆေး

သတ်မှတ်စံနှုန်းအတိုင်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေးမှာကြား

နေပြည်တော် မေ ၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းသည် မေ ၆ရက် နံနက်ပိုင်းက ပြည်(ရွှေတံခါး)-တောင်ငူ (ကျေးတော)-နေပြည်တော် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးရန်ထွက်ခွာလာရာ ကျေးတောဘူတာသို့ရောက်ရှိပြီး ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ တောင်ငူ(ကျေးတော)-မကျီးပင် ရထားလမ်းပိုင်း စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ကျေးတောဘူတာသို့ ရထားလမ်း ဖြတ်သန်းဝင်ရောက်မည့်မြေနေရာနှင့် စက်ယန္တရားများဖြင့် မြေသားတာပေါင်များ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရန်ကုန်-နေပြည်တော် အမြန်ကားလမ်းမကြီးအောက်မှ ရထားလမ်း ဖြတ်သန်းမည့် မြေနေရာကိုလည်းကောင်း၊ ရန်ကုန်- နေပြည်တော် အမြန်လမ်းမကြီး၏ အနောက်ဘက်၌ စက်ယန္တရားဖြင့် မြေသားတာပေါင်များ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပေါက်ခေါင်းမြို့အနီးရှိ ပြည်(ရွှေတံခါး)-ပေါက်ခေါင်း လမ်းပိုင်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး စီမံကိန်းအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မှာကြား

ယင်းနောက် ဝန်ကြီးသည် ပေါက်ခေါင်းဘူတာတည်ဆောက်နေမှုနှင့် ပေါက်ခေါင်းဘူတာနှင့် ပေါင်းတလည်ဘူတာကြား စက်ယန္တရားဖြင့် မြေသားလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်-ပေါက်ခေါင်းကားလမ်းကို ဖြတ်သန်း ဖောက်လုပ်မည့် ပေါင်းတလည်ကျေးရွာနှင့် သဲကုန်းကျေးရွာလမ်းဆုံ၌ မြေသားလုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပြည်နည်းပညာတက္ကသိုလ် ဘူတာတည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆင့်မြှင့်တင်ရေး

ဝန်ကြီးသည် မေ ၇ရက် နံနက်ပိုင်းတွင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်ရှိ ကွန်ကရစ်ဇလီဖားစက်ရုံ (ဥသျှစ်ပင်) တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိပြီး စီမံကိန်းအင်ဂျင်နီယာက စက်ရုံတည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဤစက်ရုံသည် ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ရေးအတွက် သစ်သားဇလီဖားတုံးများအစား ကြံ့ခိုင်အားဖြည့် ကွန်ကရစ်ဇလီဖားများဖြင့် လဲလှယ်ဆောင်ရွက်သွားမည်ဖြစ်၍ သတ်မှတ်စံနှုန်းအတိုင်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်လွင်ခေါင်းဆောင်၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပါဝင်သောအဖွဲ့သည် ဧပြီ ၃၀ရက်က အဝေးပြေးယာဉ်ရပ်နားစခန်းမှ တာချီလိတ်မြို့နှင့် တောင်ကြီးမြို့များသို့ ထွက်ခွာမည့်ယာဉ်များကို ယာဉ်မတော်တဆဖြစ်ပွားမှုပပျောက်ရေးအတွက် ယာဉ်စည်းကမ်းလိုက်နာရေး ကွင်းဆင်းစစ်ဆေးကြစဉ်။

(ကညန)

10-5 (02).pmd 1 5/10/2010, 1:27 AM

ကြည့်ရှုစစ်ဆေး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မိုးနဲမြို့ ပြည်သူ့ဆေးရုံရှိ ဆေးသိုလှောင်ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မောက်မယ်နှင့်မိုးနဲမြို့များ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း
ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၆ ရက် မွန်းလွဲပိုင်းက မောက်မယ်တပ်နယ် ဘုရင့်နောင်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါး ပစ္စည်းများနှင့် သုတစုံစာစောင်များကို ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် မောက်မယ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမသို့ရောက်ရှိပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ တာဝန်ရှိသူတစ်ဦး၏ မြို့နယ်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လိုအပ်သည်များမှာကြားပြီး မြို့နယ်အတွက် လက်ဆောင်ပစ္စည်းများကိုပေးအပ်သည်။

ဆက်လက်၍ မောက်မယ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မောက်မယ်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအား ကြည့်ရှု၍ အားပေးစကားပြောကြားကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

ထောက်ပံ့ပေးအပ်

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုးနဲမြို့ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအားကြည့်ရှု၍ အားပေးစကားပြောကြားကာ ဆေးရုံအတွင်းကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ပိုင်းဒေသများ၌ မိုးဆက်ရွာဖွယ်ရှိ

နေပြည်တော် မေ ၉

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန် ခန့်သာရှိပြီး ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိ၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၅ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခန္တီးမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ ပူတာအိုမြို့တွင် ၀ ဒသမ ၆၇လက်မ၊ မချမ်းဘောမြို့နှင့် ကော့သောင်းမြို့တို့တွင် ၀ ဒသမ ၅၅ လက်မစီ၊ ပြင်ဦးလွင်မြို့တွင် ၀ ဒသမ ၃၉ လက်မနှင့် အောင်လံမြို့တွင် ၀ ဒသမ ၀၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၁၀ ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အင်အားပြင်း မြေငလျင်တစ်ခုလှုပ်

နေပြည်တော် မေ ၉

မေ ၉ရက် မွန်းလွဲ ၁၂နာရီ၊ ၃၄မိနစ်၊ ၀၈ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်ဘက် မိုင် ၉၁၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ၊ ဆူမားတြားမြောက်ပိုင်း)ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ဒသမ၄ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ချိန်ခါမရွေး သတိပေး
မီးဘေးကင်းဝေးမှာ

Innwa Computer ဆိုင်သစ်ဖွင့်ပွဲအထိမ်းအမှတ် အထူးဈေးရောင်းပွဲကျင်းပ

ရန်ကုန် မေ ၉

Innwa Computer Sales & Service Centre က ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းနှင့် ကုန်သည်လမ်းထောင့်၌ ကွန်ပျူတာအရောင်းဆိုင်သစ်ကို ထပ်မံဖွင့်လှစ်ထားပြီး ဆိုင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဧပြီ ၂၉ရက်မှ ဇူလိုင် ၂၉ရက်အတွင်း ဝယ်ယူအားပေးသော Customer များကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည့်အပြင် Lucky Draw ကံစမ်းမဲ အစီအစဉ်များကိုလည်း ထည့်သွင်းပေးထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဖွင့်လှစ်ထား

Innwa Computer အရောင်းဆိုင်များတွင် Speakers, LCD Monitors, Desktop Computer, Hard Disks, Motherboards, Graphics Cards, Scanners, Printers, Memory, Camera Memory Cards, Processors နှင့် Accessories များကို အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး မည်သည့်အင်းဝဆိုင်ခွဲမှမဆို ဝယ်ယူသည့် Customer များအတွက် Lucky Draw အစီအစဉ်တွင် Notebook, Desktop PC, LCD, Laser Printer, UPS တို့ကို ကံစမ်းမဲဖောက်ပေးမည် ဖြစ်ကြောင်း၊ မန္တလေးမြို့ရှိ အင်းဝကွန်ပျူတာ အရောင်းဆိုင်ခွဲများအဖြစ် အမှတ်(၉) ၇၅ လမ်း ဖုန်း-၀၂-၇၁၁၀၈နှင့် အမှတ်- အေ(၉) ၇၃ လမ်းနှင့် လမ်း ၃၀ထောင့် မင်္ဂလာဈေး ဖုန်း- ၀၂-၇၁၇၆၇ တို့၌ ဖွင့်လှစ်ထားပြီး ရန်ကုန်မြို့ရှိ အင်းဝကွန်ပျူတာ အရောင်းဆိုင်ခွဲများအဖြစ် အမှတ်(၁၄၂) ၃၈လမ်း ဖုန်း-၀၁-၃၉၁၅၁၁နှင့် ဆိပ်ကမ်းသာလမ်းနှင့် ကုန်သည်လမ်းထောင့် ဖုန်း-၀၁-၇၃၀၀၁၉၀၂တို့တွင် ဖွင့်လှစ်ထားရှိရာ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း ထပ်မံသိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၀-၅-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅	၂။	အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၆။	လက်ဆေးပြီးပြီလား
၈:၀၀	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၀	၈။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၅	၉။	အတီးပြိုင်ပွဲ
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	တေးဂီတအစီအစဉ်

ညပိုင်း

၃:၄၅	၁။	**AFC President's Cup 2010 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် F.C Vakhsk (TJK) အသင်းနှင့် Renown Sport Club (SRI) အသင်း**
၅:၄၅	၂။	တေးဂီတအစီအစဉ်
၆:၀၀	၃။	ညနေခင်းသတင်း
၆:၁၅	၄။	မိုးလေဝသအခြေအနေ
၆:၂၀	၅။	ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၁၉)
၈:၀၀	၇။	ပြည်တွင်းသတင်း
	၈။	နိုင်ငံတကာသတင်းများ
	၉။	မိုးလေဝသအခြေအနေ
	၁၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနုနု** (အပိုင်း-၁၃)
	၁၁။	သုခုမရင်ပြင်
	၁၂။	အစီအစဉ်ပြီး၏။

တစ်ချက်တည်းကျင်းဝင်

နေပြည်တော် မေ ၉

ဗိုလ်မှူးချုပ်စိုးလွင်သည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးကြီးတင်ဝင်း၊ ဦးလှကြီး၊ ဦးစောထွေး၊ ဦးညီငဲတို့နှင့်အတူ မေ ၉ ရက်တွင် ကချင်ပြည်နယ် မိုးကောင်းမြို့ အောင်မြေရတနာ ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titlelist Pro V-1 No-4 ဘောလုံးကို XX10 MP-500 No-6 တုတ်ဖြင့်ရိုက်လိုက်ရာ ၁၇၇ ကိုက် အကွာ၌ရှိသော ကျင်းအမှတ် (၈)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၅-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	ပြည်တွင်းပြည်ပ သာသနာပြု ရွှေမန်းဦးသူရိယ ဟောကြားတော်မူသော တရားတော်
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၆)
၈:၃၀	Premier League Highlight
၈:၅၅	မော်လမြိုင်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေး
၉:၀၅	Activities in the City (Aung Gyi Trading Ltd. ၏ Liu Gong Family Day)
၉:၁၅	ပြန်လည်ခံစား တေးဖွဲ့သီ မိုးကျော်လှိုင်(ရွှေဘို) **ပြန်လာခဲ့ပါမိကျေးရယ်** တေးစီးရီး
၉:၃၅	Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၂၀	စိုက်ပျိုးဖို့လွယ်ကူစေတာ ကောက်ရိုးမှိုပါ
၁၀:၃၅	International Show Biz
၁၀:၅၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူ တို့အတူ အင်းလေးဒေသရဲ့ ထူးခြားတဲ့ငါး **ငါးဖိန်း**
၁၁:၀၀	**အမှန်ထင်နေသောအမှား** ခန့်စည်သူ၊ အေးမြတ်သူ၊ ငှက်ပျောကြော် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၁:၁၀	ဦးဆုံးအစ ဘဝရဲ့အလှ (ပပဝင်းခင်ရဲ့ ဦးဆုံးအစဘဝအလှ)
၁၁:၂၅	ရတနာစစ်တို့ရဲ့ ဘူမိနက်သန်
၁၁:၅၅	စာအုပ်ပြခန်း (စာရေးဆရာဦးလှထွန်းနှင့် တွေ့ဆုံခြင်း)
၁၂:၂၅	သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ ပဲလှော်
၁၂:၃၅	အေးချမ်းသာလ…ဝါဠုက
၁:၀၀	ပြည်တွင်းပြည်ပ သာသနာပြု ရွှေမန်းဦးသူရိယ ဟောကြားတော်မူသော တရားတော်
၂:၀၀	MRTV-4 သတင်း
၂:၄၅	ဟိုတယ်လမ်းညွှန် (Bay of Bengal Resort, Ngwe Saung)
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၆)
၄:၀၅	တေးဂီတအစီအစဉ်
၄:၁၅	စိတ်ကူးကောင်းများနှင့် ချစ်စရာ့ရွာတစ်ရွာ
၄:၂၅	မော်လမြိုင်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေး
၄:၃၅	သဘာဝကပေးတဲ့ အကျိုးအာနိသင် **လူရှင်တော်လည်းလူသားပါ** အောင်သော်၊ မျောက်ရှုံး၊ စံလင်း၊ ကြာစိ၊ ကျင်ဝှက်၊ ခေါလေး [ဒါရိုက်တာ- ကြည်သာ (ပွဲကြိုက်ခင်)]
၅:၀၀	ပြန်လည်ခံစား တေးဖွဲ့သီ မိုးကျော်လှိုင်(ရွှေဘို) **ပြန်လာခဲ့ပါမိကျေးရယ်** တေးစီးရီး
၅:၁၅	Activities in the City (Aung Gyi Trading Ltd. ၏ Liu Gong Family Day)
၅:၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀	MRTV-4 သတင်း
၆:၂၀	International Show Biz
၆:၃၅	အနုပညာမိုးကောင်းကင်
၇:၀၀	စားချင်စဖွယ် နည်းအသွယ်သွယ် (ဝက်သားပဲငါးပိ၊ မှျစ်ချဉ်နှင့် ခရမ်းကစော့သီး ချက်နည်း)
၇:၂၀	စာအုပ်ပြခန်း (စာရေးဆရာဦးလှထွန်းနှင့် တွေ့ဆုံခြင်း)
၈:၀၀	MRTV-4 သတင်း
၈:၃၀	ဟိုတယ်လမ်းညွှန် (Bay of Bengal Resort, Ngwe Saung)
၉:၁၀	အနုပညာမိုးကောင်းကင်
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၆)
၁၀:၀၀	အန္တေထွေးဆုံး လက်တစ်စုံ
၁၀:၁၅	ဦးဆုံးအစ ဘဝရဲ့အလှ (ပပဝင်းခင်ရဲ့ ဦးဆုံးအစဘဝအလှ)
၁၀:၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၅၀	စားချင်စဖွယ် နည်းအသွယ်သွယ် (ဝက်သားပဲငါးပိ၊ မှျစ်ချဉ်နှင့် ခရမ်းကစော့သီး ချက်နည်း)
၁၁:၁၀	သဘာဝကပေးတဲ့ အကျိုးအာနိသင် **လူရှင်တော်လည်းလူသားပါ** အောင်သော်၊ မျောက်ရှုံး၊ စံလင်း၊ ကြာစိ၊ ကျင်ဝှက်၊ ခေါလေး [ဒါရိုက်တာ- ကြည်သာ (ပွဲကြိုက်ခင်)]
၁၁:၃၀	**အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေး** (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအေးအေးသော်)
၁၂:၀၀	မီးအပူပေးပြုပြင်ခြင်းနည်းပညာ
၁၂:၁၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကုလသမဂ္ဂ စားနပ်ရိက္ခာဆု ဘရာဇီးသမ္မတ ရရှိမည်

ဘရာဆီးလီးယား မေ ၉

ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားသည် ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ်(ဒဗလျူအက်ဖ်ပီ)က ချီးမြှင့်မည့် ငတ်မွတ်မှုတိုက်ဖျက်ရေးဆုတံဆိပ်ကို လာမည့်ရက်သတ္တပတ်အတွင်း လက်ခံရရှိမည်ဖြစ်ကြောင်း ဒေသခံမီဒီယာက မေ ၇ရက်တွင် ဖော်ပြသည်။

ရွေးချယ်

လူလာဒါဆီးလ်ဗားသည် သမ္မတသက်တမ်းနှစ်ဆက်အတွင်း ငတ်မွတ်မှုတိုက်ဖျက်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သဖြင့် ၎င်းအား ဆုချီးမြှင့်ရန် ရွေးချယ်ခဲ့သည်ဟု ကုလသမဂ္ဂက ပြောကြားသည်။

သွားရောက်လေ့လာ

ဒဗလျူအက်ဖ်ပီ အမှုဆောင်ညွှန်ကြားရေးမှူး ဂျိုးဇက်ရီတန်ကလူလာက ဆုချီးမြှင့်မည်ဖြစ်ပြီး ဘရာဆီးလီးယားမြို့၌ ဆောင်ရွက်နေသည့် ဘရာဇီးအစိုးရ၏ ငတ်မွတ်မှုပပျောက်ရေးအပါအဝင် အခြားအစီအစဉ်များကို သွားရောက်လေ့လာမည်ဖြစ်သည်။ **(အင်တာနက်)**

၁၉၄၁-၁၉၄၅ စစ်ပွဲကာလအောင်နိုင်မှု (၆၅)နှစ်မြောက်အခမ်းအနား
ရုရှားနိုင်ငံ မော်စကိုမြို့လယ် ရင်ပြင်နီတွင် ကျင်းပ

မော်စကို မေ ၉

ရုရှားနိုင်ငံက ၁၉၄၁-၁၉၄၅စစ်ပွဲကာလအောင်နိုင်မှု (၆၅)နှစ်မြောက် စစ်ရေးပြအခမ်းအနားတစ်ရပ်ကို မေ၉ရက်တွင် ရုရှားနိုင်ငံ မော်စကိုမြို့လယ်ရှိ ရင်ပြင်နီ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ် တက်ရောက်ပြီး ရုရှားနိုင်ငံ၏၁၉၄၁-၁၉၄၅စစ်ပွဲကာလ အောင်နိုင်မှုနှင့် စပ်လျဉ်းပြီး မိန့်ခွန်းပြောကြားသည်။

မဟာအောင်မြင်မှု

မိမိအနေဖြင့် မဟာအောင်မြင်မှု အထိမ်းအမှတ် အခမ်းအနားကြီး ကျင်းပနိုင်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း သမ္မတမက်ဗီဒက်ဗ်က အခမ်းအနား၌ ပြောကြားသည်။

ရုရှား ပြည်သူတစ်ရပ်လုံးအနေဖြင့် စစ်ပွဲတွင်ပါဝင်ခဲ့သည့် ၃၄သန်းသော ဆိုဗီယက်တပ်ဖွဲ့ဝင်များကို မည်သည့်အခါမျှ မမေ့သင့်ကြောင်း၊ ဤစစ်အောင်ပွဲသည် မဟာစစ်ပွဲ အောင်မြင်ခြင်းအတွက်သာ မဟုတ်ဘဲ လူသားမျိုးနွယ်တစ်ရပ်လုံး၏ အောင်ပွဲလည်းဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

တက်ရောက်

ယင်းအခမ်းအနားသို့ သမ္မတမက်ဗီဒက်ဗ်၊ ဝန်ကြီးချုပ် ပူတင်တို့နှင့်အတူ တရုတ်တို့အပါအဝင် နိုင်ငံပေါင်း ၂၀မှ ကမ္ဘာ့ခေါင်းဆောင်များလည်း တက်ရောက်ကြသည်။

ပါဝင်ပြသ

၁၉၄၁-၁၉၄၅ စစ်ပွဲကာလအတွင်း ပါဝင်ခဲ့ကြသော စစ်ပြန် ၃၀၀၀ခန့်နှင့် ပြည်တွင်းပြည်ပ ဧည့်သည်များလည်း တက်ရောက်ခဲ့ကြသည်။စစ်ရေးပြ အခမ်းအနားတွင် ရုရှားတပ်ဖွဲ့ဝင် ၁၀၅၀၀၊ စစ်လက်နက်အမျိုးမျိုးနှင့် စစ်လေယာဉ် ၁၂၇စင်းတို့ဖြင့် ပါဝင်ပြသခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

၁၉၄၁-၁၉၄၅စစ်ပွဲကာလအောင်နိုင်မှု (၆၅)နှစ်မြောက် စစ်ရေးပြ အခမ်းအနားသို့ ရုရှားသမ္မတ မက်ဗီဒက်ဗ်(ဝဲ)နှင့် ဝန်ကြီးချုပ်ပူတင်တို့ တက်ရောက်လာသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကပြဖျော်ဖြေ

ကာတာနိုင်ငံ ဒိုဟာမြို့၌ ၂၀၁၀ အာရပ်ယဉ်ကျေးမှု ပဒေသာကပွဲတွင် အလှမယ်များ ကပြဖျော်ဖြေနေသည်ကို မေ၈ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

တရုတ်-ရုရှားရေနံပိုက်လိုင်း ရေလွှမ်းမှုဒဏ်ကာကွယ်နိုင်ရန် ရေကာတာ ဟေလုံကျန်း၌တည်ဆောက်

ဟာဘင် မေ ၉

တရုတ်နိုင်ငံ ဟေလုံကျန်းပြည်နယ် အရှေ့မြောက်ပိုင်းရှိ တရုတ်-ရုရှားရေနံပိုက်လိုင်း တည်ဆောက်ရေးလုပ်ငန်းခွင်၌ အလုပ်သမားများနှင့် ပစ္စည်းကိရိယာများ ရေလွှမ်းမှုဒဏ်ကာကွယ်ရေးအတွက် ကယ်ဆယ်ရေးအလုပ်သမားများက ရေကာတာတည်ဆောက်လျက်ရှိကြောင်း မေ၈ရက်တွင် ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ခြိမ်းခြောက်

အရှည် မီတာ ၁၂၀၀ရှိ ယင်းရေကာတာကို မိုဟီခရိုင် ဆင်ဂန်မြို့ဝန်းကျင်၌ တည်ဆောက်လျက်ရှိကြောင်း မိုဟီနယ်စပ်စစ်ဆေးရေးစခန်းမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ယခုလဆန်းပိုင်းက ဟေလုံကျန်းမြစ်အတွင်းမှ ရေခဲများအရည်ပျော်မှုကြောင့် တရုတ်-ရုရှားနယ်စပ်မှ မြစ်ရေကြီးလာသည့်အတွက် အလုပ်သမားများ၏ ဘေးအန္တရာယ်ကင်းရှင်းမှုကို ခြိမ်းခြောက်လာသည်ဟုဆို၏။

ပို့လွှတ်မည်

တရုတ်နိုင်ငံဘက်မှ ကီလိုမီတာ ၉၇၀ရှိ ရေနံပိုက်လိုင်းတည်ဆောက်ရေး စီမံကိန်းကို ၂၀၀၉ခုနှစ် မေလက စတင်ဖောက်လုပ်ခဲ့သည်။ ယင်းပိုက်လိုင်းပြီးစီးပါက ဆားဘီးယားအရှေ့ပိုင်းမှတစ်ဆင့် ဖြတ်ကျော်ကာ ဟေလုံကျန်းပြည်နယ်သို့ ရေနံများပို့လွှတ်နိုင်မည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကျူးဘားနှင့်ဂျပန် အကျိုးတူ ပူးပေါင်းဆောင်ရွက်မည်

ဟာဗားနား မေ ၉

ဂျပန်အစိုးရနှင့် ကျူးဘားအစိုးရတို့ စီးပွားရေးနှင့် ကုန်သွယ်ရေးတွင် ပိုမိုပွင့်လင်းစွာ အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီကြောင်း မေ ၇ရက်၌ ကျူးဘားနေ့စဉ်သတင်းစာဂရမ်မာက ဖော်ပြသည်။

ကျူးဘားခေါင်းဆောင် ရောလ်ကက်စထရိုနှင့် ဂျပန်စိုက်ပျိုးရေးဝန်ကြီး ဟီရိုတာကာအကာမာဆုတို့ မေ၅ရက်၌ တွေ့ဆုံပြီး အရေးကြီးသော နိုင်ငံတကာရေးရာပြဿနာများနှင့် နှစ်ဦးနှစ်ဖက်နက်ရှိုင်းစွာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ဂျပန်အစိုးရက ကျူးဘားနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် နည်းပညာ အကူအညီ ပေးလျက်ရှိပြီး ငါးဖမ်းလုပ်ငန်းတွင်လည်း ပါဝင်ကူညီထောက်ပံ့ပေးလျက်ရှိသည်။

ဖော်ပြ

နှစ်နိုင်ငံအနေဖြင့် ၂၀၀၉ခုနှစ် ဒီဇင်ဘာလအတွင်း၌ သံတမန်ဆက်သွယ်ရေး နှစ်(၈၀)ပြည့်မြောက်ခဲ့ပြီးဖြစ်သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဂျာမနီ ကုန်တင်သင်္ဘော ဆိုမာလီဓားပြများ အပိုင်စီး

နိုင်ရိုဘီ မေ ၉

အိုမန်နိုင်ငံ ဆာလာလာမြို့တောင်ဘက် မိုင်၁၂၀ခန့်အကွာ ကမ်းလွန်ပင်လယ်ပြင်၌ ဂျာမနီဓာတုဗေဒပစ္စည်းတင်သင်္ဘောတစ်စင်းကို ဆိုမာလီဓားပြများ ပြန်ပေးဆွဲခဲ့ကြောင်း ဥရောပသမဂ္ဂ(အီးယူ)ရေတပ်က မေ ၈ရက်တွင် ပြောကြားသည်။

အဆိုပါသင်္ဘောပေါ်တွင် အိန္ဒိယ ၁၉ဦး၊ ယူကရိန်းတစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ် နှစ်ဦး စုစုပေါင်း သင်္ဘောသား၂၂ဦးလိုက်ပါလာပြီး ကုန်ပစ္စည်းတန်ချိန်၁၃၀၀၀တင်ဆောင်လာသည်ဟုဆိုသည်။ယင်းသင်္ဘောကို ဓားပြများက စက်သေနတ်များ၊ လက်ပစ်ဗုံးများနှင့် ပစ်ခတ်တိုက်ခိုက်ကာ ပြန်ပေးဆွဲသွားခြင်းဖြစ်သည်ဟု ဆိုသည်။

ဆက်လက်ဖြစ်ပွား

ပင်လယ်ဓားပြ နှိမ်နင်းရေးနှင့် ကုန်တင်သင်္ဘောများအား စောင့်ရှောက်ပေးရန်အတွက် နေတိုးရေတပ်အပါအဝင် အီးယူ၊ ရုရှား၊ တရုတ်၊ တောင်ကိုရီးယားနှင့် အိန္ဒိယရေတပ်များ ဆိုမာလီကမ်းလွန်ပင်လယ်ပြင်အတွင်း တပ်ဖြန့်ချထားလျက်ရှိသော်လည်း အဆိုပါဒေသ၌ပင်လယ်ဓားပြမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိနေသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရန်က ဥရောပသမဂ္ဂသို့ ကုန်တင်ပို့မှု မြင့်တက်

တီဟီရန် မေ ၉

အီရန်နိုင်ငံက ဥရောပသမဂ္ဂ (အီးယူ) အဖွဲ့ဝင်နိုင်ငံများထံသို့ တင်ပို့မည့် ရေနံမဟုတ်သည့် ထွက်ကုန်ပစ္စည်းများသည် ယခင်နှစ်ကထက် ၂၀၁၀ခုနှစ် မေလကုန်အထိ ၁၀ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း အီရန် ကုန်သွယ်မှုတိုးမြှင့်ရေးအဖွဲ့(တီပီအို)က ပြောကြားသည်။

အီးယူသို့ အီရန်ကရေနံမဟုတ်သည့် ပို့ကုန်များတင်ပို့ရာ၌ ယခင်တစ်နှစ်က ဒေါ်လာ ၁ဒသမ၈ဘီလီယံကို ၂၀၁၀ခုနှစ် မတ် ၂၁ရက်က ကုန်ဆုံးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွင်း ဒေါ်လာ ၂ဘီလီယံဖိုး တိုးမြှင့်တင်ပို့ခဲ့သည်ဟု တီပီအိုမှ တာဝန်ရှိပုဂ္ဂိုလ် ရီဇာတိုဗီကီက ပြောကြားသည်။

(အင်တာနက်)

တရုတ်၌ ကျောက်မီးသွေးတွင်းပေါက်ကွဲ ၁၀ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရ

ဝူဟန် မေ ၉

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ် လီချွမ်မြို့၌ မေ၈ရက်က ကျောက်မီးသွေးတွင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၁၀ဦး သေဆုံးခဲ့ပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အလုပ်သမားလုံခြုံရေးအရာရှိက ပြောကြားသည်။

ပြောကြား

ကျောက်မီးသွေးတွင်း၌ အလုပ်သမားပေါင်း၉၀ အလုပ်လုပ်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အလုပ်သမားအဖွဲ့ ညွှန်ကြားရေးမှူးကျန်က ပြောကြားသည်။

ပြင်းထန်

အဆိုပါကျောက်မီးသွေးတွင်းပေါက်ကွဲမှုမှ ၁၀ဦးကို ကယ်ဆယ်ရေးလုပ်သားများက အလျင်အမြန် ကယ်ဆယ်ဆောင်ရွက်နေသော်လည်း ၁၀ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ ခြောက်ဦးအနက် လေးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။ အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ဟူဘေးပြည်နယ် လီချွမ်မြို့၌ ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ နေရာအတွင်း ရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)



A(H1N1) ရောဂါဖြင့် ဘရာဇီး၌ လူ ၅၀ သေဆုံး

ဘရာဆီးလီးယား မေ ၉

ဘရာဇီးနိုင်ငံ၌ ယခုနှစ် ဧပြီလကတည်းကA(H1N1) တုပ်ကွေးရောဂါခံစားရသူပေါင်း ၃၆၁ဦးအား ဆေးရုံတင်ကုသလျက်ရှိပြီး သေဆုံးသူဦးရေမှာ ၅၀ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဂျို့စ်ဂိုမန်တမ်ပိုရာက မေ၇ရက်တွင်ပြောကြားသည်။

ဘရာဇီးနိုင်ငံတစ်ဝန်း၌ A(H1N1) တုပ်ကွေးရောဂါဖြင့် သေဆုံးသူများအနက် ၇၆ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ပြီး ၃၂ ရာခိုင်နှုန်းခန့်မှာ ကိုယ်ဝန်ဆောင်အမျိုးသမီးများဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရုရှား မိုင်းတွင်းပေါက်ကွဲမှု ၁၁ဦးသေဆုံး၊ ၄၁ဦးဒဏ်ရာရ

မော်စကို မေ ၉

ရုရှားနိုင်ငံ ဆီဘာရီယာမြို့ အနောက်ပိုင်းရှိ အကြီးဆုံးသတ္တုတွင်းကြီး မေ ၈ရက် ညပိုင်းက ပေါက်ကွဲခဲ့ပြီးနောက် ကယ်ဆယ်ရေးဆောင်ရွက်နေစဉ် အဆိုပါသတ္တုတွင်းသည် မေ၉ရက် နံနက်ပိုင်းက ထပ်မံပေါက်ကွဲခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ပိတ်မိ

ပထမအကြိမ် ဆီဘာရီယာမြို့ သတ္တုတွင်းပေါက်ကွဲမှုအတွင်း ၁၀ဦးထက်မနည်း သေဆုံးပြီး ၄၁ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။ ယင်းပေါက်ကွဲမှုအတွင်း လူပေါင်းဒါဇင်နှင့်ချီကာ ပိတ်မိနေသည်ဟု အရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ထပ်မံပေါက်ကွဲ

ယင်းမိုင်းတွင်း ပေါက်ကွဲမှုအတွင်း ကယ်ဆယ်ရေးဆောင်ရွက်နေစဉ် ဒုတိယအကြိမ် ထပ်မံပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ကယ်ဆယ်ရေး အလုပ်သမား ၂၀ခန့် ပိတ်မိလျက်ရှိသည်ဟု အီတာတက်စ် သတင်းဌာနက ကြေညာသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အမေရိကန်ငြိမ်းချမ်းရေးသံတမန် ရာမာလာသို့ရောက်ရှိ

အမေရိကန်အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးသံတမန် ဂျော့ချ်မစ်ချယ်သည် အစ္စရေးနှင့် ပါလက်စတိုင်းထိပ်တိုက်ဆွေးနွေးရေး၊ ပါလက်စတိုင်းတို့၏ သဘောထား ရယူရန် ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်နှင့် တွေ့ဆုံရေးအတွက် ရာမာလာမြို့သို့ မေ ၈ရက်က ရောက်ရှိလာသည်။

တရုတ်ပြည်တောင်ပိုင်း၌ ဆက်လက်မိုးသည်းထန်

တရုတ်ပြည်တောင်ပိုင်းတွင် လူ၆၅ဦးသေဆုံးစေခဲ့သည့် မိုးသည်းထန်စွာ ရွာသွန်းမှုမှာ နောက်ထပ်နှစ်ရက်ဆက်တိုက်ဖြစ်ပေါ်နေပြီး အချို့ဒေသတို့၌ မိုးသည်းထန်ပြီး မိုးသီးများကျရောက်ဖွယ်ရှိကြောင်း တရုတ်အမျိုးသားမိုးလေဝသဌာနက မေ ၉ရက်တွင် ကြေညာသည်။ (အောက်ပုံ)

ဘရာဇီးသမ္မတနှင့်တူရကီဝန်ကြီးချုပ် အီရန်သွားရောက်မည်

အီရန်နိုင်ငံ၏နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ဆွေးနွေးရန် တီဟီရန်သို့ ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားနှင့် တူရကီဝန်ကြီးချုပ် အာဒိုဂန်တို့နှစ်ဦး အတူတကွ သွားရောက် လည်ပတ်ကြမည်ဖြစ်ကြောင်း ဆင်ဟွာသတင်း၌ မေ ၉ရက်က ဖော်ပြသည်။

အာချေးပြည်နယ်အနီး ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ် ဆူမတြားကျွန်းအနီး ပင်လယ်ပြင်၌ ရစ်ချ်တာ စကေး ၇ဒသမ၄အဆင့်ရှိ ငလျင်တစ်ခု မေ ၉ရက်က လှုပ်ခဲ့သဖြင့် ဒေသဆိုင်ရာ မိုးလေဝသ ဌာနက ဆူနာမီသတိပေးချက်ထုတ်ပြန်ကြေညာထားကြောင်း အင်တာနက် သတင်း၌ မေ ၉ရက်က ဖော်ပြသည်။

တရုတ်ပညာရေးပြပွဲ ခတ္တမန္ဒူ၌ ပြသမည်

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တော်၌ (၇)ကြိမ်မြောက် တရုတ်ပညာရေးပြပွဲကို မေ၁၅ရက်နှင့် ၁၆ရက်တို့တွင် ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း ပြပွဲကျင်းပရေးတာဝန်ရှိသူ တစ်ဦးဖြစ်သူ ဟာရစ်ရှားက ဆင်ဟွာသို့ မေ ၉ရက်၌ ပြောကြားသည်။

အစ္စရေး၏လုပ်ရပ် အန္တရာယ်ကြီးမားဟု တူရကီဝေဖန်

အသိမ်းပိုက်ခံနယ်မြေများအတွင်း အစ္စရေးလူနေအိမ်များဆောက်လုပ်ခြင်းမှာ အခြေအနေအရပ်ရပ်ကို ထိန်းမရအောင်ဖြစ်စေနိုင်သည့် အန္တရာယ်ကြီးမားသောလုပ်ရပ် ဖြစ်ကြောင်း ဆီးရီးယားသမ္မတ အာဆတ်အား လက်ခံတွေ့ဆုံစဉ် တူရကီသမ္မတ အဗ္ဗဒူလာဂါးလ်က မေ ၈ရက်၌ ပြောကြားသည်။

အနောက်အုပ်စုကို တာလီဘန် ထိုးစစ်ဆင်မည်

အာဖဂန်နစ္စတန်နိုင်ငံအတွင်း အမေရိကန်အပါအဝင် နေတိုးတပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ နောက်လိုက်များကို နောက်ထပ်အရှိန်မြှင့် ထိုးစစ်ဆင်တိုက်ခိုက်သွားမည်ဖြစ် ကြောင်း တာလီဘန်စစ်သွေးကြွများက မေ၈ရက်တွင် ခြိမ်းခြောက်သတိပေးလိုက်သည်။

အာဖဂန်အနောက်ပိုင်းတိုက်ပွဲ သူပုန် ၁၀ဦးသေဆုံး

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဟီရက်ပြည်နယ် ရှင်ဒန်ခရိုင်၌ နာရီ အတန်ကြာ တိုက်ပွဲဖြစ်ပွားစဉ်အတွင်း အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များက တာလီဘန် သူပုန် ၁၀ဦးကို သုတ်သင်လိုက်ကြောင်း သက်ဆိုင်ရာက မေ ၉ရက်၌ ထုတ်ပြန် ကြေညာသည်။

မောင်းသူမဲ့လေယာဉ်ပစ်ခတ်မှု ပါကစ္စတန်၌ ငါးဦးသေဆုံး

ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ဒေသတွင် မေ ၉ရက်က မောင်းသူမဲ့ လေယာဉ်မှဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်သည့်အတွက် အနည်းဆုံး ငါးဦးသေဆုံး ပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

သုခမိန်နှင့်အလင်းရောင်စာကြည့်တိုက်များ မင်္ဂလာဒုံ ပျဉ်းမပင်ကျေးရွာအုပ်စုတွင်ဖွင့်

ရန်ကုန် မေ ၉

မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာအုပ်စု ဘိုခြိကျေးရွာတွင် သုခမိန်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မေ၇ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငြိမ်းထွေးနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဖြူဖြူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ဆက်လက်၍ ရှမ်းစုကျေးရွာ အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးကျော်သက်လွင်နှင့် စာကြည့်တိုက် မြေအလှူရှင် ဒေါ်သိန်းအေးတို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

ဆက်လက်၍ အလှူရှင်များက စာအုပ်စာစောင်များလှူဒါန်းကြပြီး မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငြိမ်းထွေးနှင့်ဇနီးတို့က စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀စီ စိုက်ထူလှူဒါန်းရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကျော်သက်လွင်က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကြို့ကြာကန်ကျေးရွာ လေးလက်မစက်ရေတွင်း ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်ဇေလတ်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဧပြီ ၂၄ရက်က မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ထားသော မူဆယ်မြို့တွင်း လမ်းဘေးပန်းအလှစိုက်ခင်းများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေဝင်းနှင့် အင်ဂျင်နီယာမှူး ဦးတင်ကိုကို တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကျေးရွာများတွင် ကြွပ်ကြွပ်အိတ်ပပျောက်ရေး နမ္မတူ၌ဟောပြော

နမ္မတူ မေ ၉

နမ္မတူမြို့နယ်အတွင်း ကြွပ်ကြွပ်အိတ်များ ကင်းစင်ပပျောက်ရေးနှင့် မြို့နယ်အတွင်း သန့်ရှင်းသာယာရေးအတွက် ပန်လုံကျေးရွာအုပ်စု၊ ချောင်းသာကျေးရွာအုပ်စု၊ မန်စံကျေးရွာအုပ်စုနှင့် မိုင်းပုကျေးရွာအုပ်စုများရှိ အများပြည်သူများ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ကြရေးကို ဖေဖော်ဝါရီ ၂၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ငွေ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်၊ ပန်လုံကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းခမ်းခေါင်နှင့် မန်စံကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းထွန်းကြာတို့က ဆွေးနွေးဟောပြော ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ ဗိသုကာအသင်း ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မေ ၉

မြန်မာနိုင်ငံဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (၀၃/၂၀၁၀)ကို မေ ၁၅ရက်(စနေနေ့) ညနေ၃နာရီခွဲတွင် မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းအဆောက်အအုံ(လှိုင်တက္ကသိုလ်နယ်မြေဝင်း)မြေညီထပ် Seminar Room ၌ ကျင်းပမည်ဖြစ်သည်။ ယင်းဆွေးနွေးပွဲတွင် Buildings and Concrete Jungle Effect ခေါင်းစဉ်ဖြင့် ဦးသန်းအောင်က ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး ဝါရင့်ဗိသုကာများက ဝိုင်းဝန်းဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၈၇-၆၃၅၀၀၊ ၀၉-၅၁-၁၆၉၈၂၊ ၀၁-၇၂-၃၁၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ ***(ဗိသုကာအသင်း)***

ဒီရေတောဘေးမဲ့ဇုန်တွင် ကဏ္ဍန်းမျိုးစိုက်ထည့်

ဘုတ်ပြင်း မေ ၉

တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် အုန်းတောကမ်းကျေးရွာရှိ ဒီရေတောကဏ္ဍန်းဘေးမဲ့ဇုန်တွင် ကဏ္ဍန်း မျိုးစိုက်ထည့်သည့် အခမ်းအနားကို ဧပြီ ၂၈ရက်က ကျင်းပသည်။

အခမ်းအနားသို့ ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူးဦးဝင်းကြိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူးဦးမျိုးဇော်အောင်၊ အဖွဲ့ဝင် ဒုတိယရဲမှူးသန်းမြင့်ဦး၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူးဦးထိန်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင် များနှင့် ဒေသခံရေလုပ်သားအင်အား ၁၀၀ ခန့်တက်ရောက်ခဲ့ပြီး ကဏ္ဍန်းကောင်ရေ ၃၅၀၀အား စိုက်ထည့်ခဲ့သည်။ **(အောက်ပုံ)**

ဆက်လက်၍ အေးချမ်းသာရပ်ကွက်နှင့် အုန်းတောကမ်းကျေးရွာရှိ ဒေသခံရေ လုပ်သားများနှင့်တွေ့ဆုံ၍ ဒီရေတော ကဏ္ဍန်းဘေးမဲ့ဇုန် တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်၊ ရရှိလာမည့်အကျိုးကျေးဇူး တို့ကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လှူဒါန်း

မြောက်ဥက္ကလာပမြို့နယ် (၁)ရပ်ကွက် သုစိတ္တ ၁၄လမ်း အမှတ် ၅၃၉ နေ ခင်ပွန်းဦးငွေစန်း၊ အစ်ကို ဦးကျော်စိန်၊ မောင် ဦးမောင်မောင်(ကျိုက်ထို ဘဏ်မန်နေဂျာ)တို့အား ရည်စူး၍ ဒေါ်သန်းမြင့် အသက်(၇၈)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်း လူနာ(ကင်ဆာ)၈၀ဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ သူနာပြုအုပ် ဒေါ်မြင့်မေနှင့် သူနာပြုဒေါ်ဇာခြည်မြင့်တို့ လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းပေါ်ပေါက်လာရေး ဒို့တာဝန် အရေးသုံးပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်

နိုင်ငံတော်အပေါ် ကျရောက်လာမည့် အန္တရာယ်မှန်သမျှ အချိန်မီတားဆီးကာကွယ်

နေပြည်တော် မေ ၉

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၆၆/၂၀၀၉) ဗလတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၈ရက် နံနက် ၇နာရီက ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ဗဟိုလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ ဗဟိုလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ရဲမှူးချုပ်စိုးဝင်းမြင့်၊ စီမံရေးနှင့် လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီးဝင်းခေါင်၊ ရဲအရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့်သင်တန်းသား ဒုတိယရဲအုပ်လောင်းများ၏ မိဘဆွေမျိုးများတက်ရောက်ကြသည်။

စစ်ဆေး

သင်တန်းဆင်းစစ်ရေးပြအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက ဒုတိယ ရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူပြီး တပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် ရဲချုပ်က အကောင်းဆုံး ကျောင်းသားဆုရ ကျောင်းသား အမှတ်(၂၂၀)ဒုတိယရဲအုပ်လောင်းထွန်းမင်းအောင်၊ လေ့ကျင့်ရေးထူးချွန်ဆုရ ကျောင်းသား အမှတ်(၁၃၅) ဒုတိယရဲအုပ်လောင်း ဇော်မင်းသိန်း၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ကျောင်းသားအမှတ်(၁၇) ဒုတိယ ရဲအုပ်လောင်း စိုးမြင့်အောင်၊ ကွန်ပျူတာ ဘာသာရပ် ထူးချွန်ဆုရ ကျောင်းသား အမှတ်(၂၆၅) ဒုတိယရဲအုပ်လောင်း ရဲလင်းထိုက်၊ အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရ ကျောင်းသားအမှတ်(၂၀၈) ဒုတိယရဲအုပ်လောင်း နန်းဝင်းအောင်တို့အား ဆုများကို ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အမှာစကားပြောကြားရာ၌ သင်တန်းကျောင်းက လေ့ကျင့်သင်ကြား ပေးလိုက်သည့် သင်ခန်းစာများကို လက်တွေ့လုပ်ငန်းခွင်နှင့် ပေါင်းစပ်လေ့ကျင့်ရင်း ထပ်မံသင်ယူမှတ်သား ဆည်းပူးသွားကြရမည် ဖြစ်ကြောင်း၊ ခေါင်းဆောင်သူက ရှေ့မှတော်တည့် မှန်ကန်စွာ ဆောင်ရွက်မှ မိမိ၏ လက်အောက်ငယ်သားများက လိုရာခရီးသို့ အောင်မြင်စွာရောက်ရှိရေး ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ငယ်သားများကို မှန်ကန်စွာခေါင်းဆောင်နိုင်သည့် စစ်မှန်သော ခေါင်းဆောင်ငယ်များဖြစ်လာအောင် ဆက်လက်ဆည်းပူး လေ့ကျင့်သွားကြရန်လိုကြောင်း၊ အဂတိတရားကင်းစင်ပြီး စာရိတ္တခြစားမှုမရှိဘဲ မိမိ၏လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ဖြူစင်ဖြောင့်မတ်သော စိတ်စေတနာဖြင့် ထမ်းဆောင်ရင်း ပြည်သူလူထုကို အလုပ်အကျွေးပြုရန်နှင့် ဥပဒေနှင့်အညီ အကာအကွယ်ပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန် ထမ်းဆောင်မည့် နေရာဒေသအသီးသီးတွင် အေးချမ်းတည်ငြိမ်မှုရှိအောင် ဆောင်ရွက်ရာ၌ ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကိုရယူပြီး ပူးပေါင်းပါဝင်မှုရှိလာအောင် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တပ်ဖွဲ့တွင်း စည်းလုံးညီညွတ်မှု ပျက်ပြားစေရန် ဆန့်ကျင်ဘက် အင်အားစုများက အဖျက်အမှောင့်လုပ်ရပ်များဖြင့် နှောင့်ယှက်သွေးထိုးဖြိုခွဲလျက်ရှိနေခြင်းကို မျက်ခြည်မပြတ် သတိချပ်လျက် မိမိတပ်ဖွဲ့အတွင်း စည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် ကာကွယ်ထိန်းသိမ်းသွားကြရန်လိုကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၆၆/၂၀၀၉) ဗလတပ်ခွဲသင်တန်းဆင်းပွဲတွင် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်းများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ကာကွယ်စောင့်ရှောက်

နိုင်ငံတစ်နိုင်ငံအတွက် အခြေခံအကျဆုံး လိုအပ်ချက်မှာ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးမှုရှိနေရန်ဖြစ်ကြောင်း၊ တရားဥပဒေ စိုးမိုးနိုင်မှသာ နိုင်ငံတော် တည်ငြိမ်အေးချမ်းမည်ဖြစ်ကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဒီမိုကရေစီ ဖော်ဆောင်ရေးလုပ်ငန်းစဉ်များကို ပျက်ပြားစေရန် မဟုတ်မမှန် သတင်းထုတ်လွှင့်ပြီး နှောင့်ယှက်နေကြသည့် အကြမ်းဖက်အဖျက်သမားများကို ဖော်ထုတ်တားဆီးနိုင်ရေးတွင် တပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံးက လိုလိုလားလားဖြင့် ပူးပေါင်းပါဝင်၍ ဝိုင်းဝန်းကူညီလာစေရန် တပ်ဖွဲ့ဝင်များက စေတနာပါသော လုပ်ရပ်၊ ဖြောင့်မတ်မှန်ကန်သော စိတ်ဓာတ်များဖြင့် ရှေ့မှ စံနမူနာပြလုပ်ကိုင်သွားကြရန် လိုအပ်ကြောင်းနှင့် စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အပေါ် ကျရောက်လာမည့် အဖျက်အမှောင့် အန္တရာယ်မှန်သမျှကို အချိန်မီတားဆီးနိုင်စေရေး သတင်းလက်ဦးမှုရယူ၍ အစဉ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရန် မှာကြားပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၉၂ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့် နေ့အပူချိန်များ

၉-၅-၂၀၁၀

သိမ်ဇရပ်မြို့	၄၄	ဒီဂရီစင်တီဂရိတ်
ချောက်မြို့	၄၄	ဒီဂရီစင်တီဂရိတ်
နေပြည်တော်ပျဉ်းမနား	၄၃	ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၃	ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၃	ဒီဂရီစင်တီဂရိတ်

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ်ဖြန့်ချီ

ရန်ကုန် မေ ၉

မြန်မာပို့စ်ဂျာနယ် အတွဲ ၂၊ အမှတ် ၁၇ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group က မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် မြို့တော်ရန်ကုန် ပြည်သူငါးသန်းကျော်အတွက် နေ့စဉ်ရေဂါလန် ၁၄၅သန်း ဖြန့်ဝေလျက်ရှိ၊ ရေအခက်အခဲရှိသည့် ရပ်ကွက်များသို့ ရေဂါလန် ၆၀၀၀ ဆံ့ ရေသယ်ယာဉ် ၂၆စီးဖြင့် နေ့စဉ်ပေးပို့၊ သွင်းကုန်အစားထိုး ပြည်တွင်းထုတ် ရေပိုက်များ ရေပေးဝေရေး၊ အဝီစိတွင်း၊ မြစ်ရေတင်၊ စိုက်ပျိုးရေးလုပ်ငန်းတို့တွင် အသုံးတွင်ကျယ်လာပြီး နိုင်ငံအချို့သို့ တင်ပို့နေရ၊ နီလာရိုးမ ပုဂ္ဂလိကစက်သုံးဆီဆိုင် စတင်ဖွင့်လှစ်ရောင်းချနေပြီ၊ ပုဂ္ဂလိကစက်သုံးဆီဆိုင်အားလုံး မေ ၁၅ရက်တွင် ရောင်းချမည်၊ နိုင်ငံတစ်ဝန်းလုံးတွင် နှစ်စဉ်မီးလောင်မှု ပျမ်းမျှအကြိမ် ၁၁၀၀ခန့်ဖြစ်ပွား၊ တစ်ရွာလုံး သီလမြဲ၊ သက်သတ်လွတ်စား၊ ကရင်ရိုးရာဝတ်စုံ အမြဲဝတ်သော ကရင်ကျေးရွာကြီး စသည့် သတင်းဆောင်းပါးများ၊ လူထုစိန်ဝင်း၊ မောင်ဝံသ၊ ကိုကိုလှိုင်၊ ဒေါက်တာအောင်ကိုကိုတို့၏ လေ့လာမှတ်သားဖွယ် ရသစုံဆောင်းပါးများကို ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အမျိုးသားနိုင်ငံရေး မဟာမိတ်များ အဖွဲ့ချုပ်မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်နှင့် ပြည်ထောင်စုဒီမိုကရေစီပါတီတို့မှ တာဝန်ရှိသူများ၏ နိုင်ငံရေးအစဉ်အလာများကို စုစည်းတင်ပြထားသည့် သူတို့အမြင် သူတို့အကြောင်း စသည်ဖြင့် စုံလင်စွာဖော်ပြထားသည်။

အပတ်စဉ် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံတကာအားကစား၊ ကမ္ဘာ့တစ်လွှား ထူးခြားဖြစ်စဉ်များ၊ မှုခင်းစုံ စသည့်ကဏ္ဍများကို ဝေဝေဆာဆာ ဖော်ပြပါရှိသည်။

ထို့အပြင် ၂၃၂ ယာဉ်လိုင်းတွင် ယာဉ်စီးခထည့်သေတ္တာများ အပြီးသတ်တပ်ဆင်တော့မည်၊ သီတဂူ ရောဝတီအလှူမှ နာဂစ်ဒေသများသို့ လှူဒါန်းငွေ ၈ဒသမ ၈ ဘီလီယံရှိခဲ့၊ ဒလ၊ ဆိပ်ကြီးခနောင်တိုအရောက် ရန်ကုန်ပေါက်မှ ရေပေးနေ၊ ရန်ကုန်-ပုဂံနေ့ချင်းပြန် ဘုရားဖူးနိုင်ပြီ စသည့်သတင်းများလည်း ပါဝင်သည်။ **(သတင်းစဉ်)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက် (၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

၂၀၁၀ AFC President's Cup ဘောလုံးပြိုင်ပွဲ

အက်ရှိကာမက်အသင်း ဂိုးသွင်းစွမ်းရည်ပြ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင်

စာမျက်နှာဖွဲ့စည်းမှု-ခင်သန္တာသိန်း(မြန်မာ့အလင်း)

ရန်ကုန် မေ ၉

၂၀၁၀ AFC President's Cup ဘောလုံးပြိုင်ပွဲအုပ်စု (ဂ)၏ ပွဲဦးထွက် ပွဲစဉ်ဖြစ်တဲ့ တာ့ခ်မင်နစ္စတန်ကလပ် အက်ရှိကာမက်အသင်းနဲ့ ဘူလ်တန်ကလပ် ဒရက်စတားအသင်းတို့ဟာ ယနေ့ ညနေ ၄နာရီက သုဝဏ္ဏကွင်းမှာ စတင်ယှဉ်ပြိုင်ကစားခဲ့ကြပါတယ်။

အက်ရှိကာမက်အသင်း-ရှစ်ဂိုး ဒရက်စတားအသင်း-ဂိုးမရှိ။

၂၀၁၀ AFC Challenge Cup ပြိုင်ပွဲမှာ ဒုတိယနေရာရရှိအောင် စွမ်းဆောင်ပြခဲ့တဲ့ နည်းပြနဲ့အဲဒီအသင်းက လက်ရွေးစင်ကစားသမား ၁၂ဦးပါဝင်လာတဲ့ တာ့ခ်မင်နစ္စတန်ကလပ် အက်ရှိကာမက်အသင်းကတော့ ပွဲဦးထွက်ပွဲမှာ ဂိုးသွင်းစွမ်းရည်ပြပြီး တာထွက်လှခဲ့ပါတယ်။ အပျော်တမ်းကလပ်အသင်းဖြစ်ပြီး ဘောလုံးဖွံ့ဖြိုးစနိုင်ငံဖြစ်တဲ့ ဘူလ်တန်နိုင်ငံက ဒရက်စတား ကလပ်အသင်းကတော့ အခုပြိုင်ပွဲကို အတွေ့အကြုံယူဖို့အဓိကထား ယှဉ်ပြိုင်မယ်ဆိုတဲ့အတိုင်း အက်ရှိကာမက်အသင်းကို အဘက်ဘက်မှ မယှဉ်နိုင်ခဲ့ပါဘူး။ ပွဲစကတည်းက ပေးဂိုးနည်းဖို့အတွက် ခံစစ်သက်သက်သာ ကစားခဲ့တဲ့ ဘူလ်တန်ကလပ် ဒရက်စတားအသင်းဟာ ပထမပိုင်းမှာ နှစ်ဂိုးသာ ပေးခဲ့ရပေမယ့် ဒုတိယပိုင်းမှာ အက်ရှိကာမက်အသင်းရဲ့ တိုက်စစ်တွဲလုံးတွေကို မထိန်းနိုင်ခဲ့တာကြောင့် ခြောက်ဂိုး ထပ်ပေးခဲ့ရတာဖြစ်ပါတယ်။

ဒုတိယဂိုး

အက်ရှိကာမက်အသင်းဟာ တောင်ပံတွေက ဂိုးရဖို့အဓိကကြိုးစားပေမယ့် ပထမပိုင်းမှာ ပုံမှန်လောက်သာ ကစားသွားခဲ့ပါတယ်။ ပွဲစကတည်းက တစ်ဖက်သတ်ဖိကစားနေပေမယ့် မိနစ်၂၀မှ ဂိုးစရခဲ့ပြီး နံပါတ်-၂၃ ဆာကီဆော့မ်က ပိတ်သွင်းယူခဲ့တာဖြစ်ပါတယ်။ နံပါတ်- ၁၁ အမာနော့မ်ဝင်လာမှ အက်ရှိကာမက်အသင်း တိုက်စစ်ကစားပုံ ပိုကောင်းလာပြီး ၃၉ မိနစ်မှာ သူကပဲ အဝေးကနေ ကန်သွင်းပြီး ဒုတိယဂိုး ရယူခဲ့ပါတယ်။

တာဝန်ယူဆောင်ရွက်

ဒုတိယပိုင်းမှာတော့ အက်ရှိကာမက်အသင်းဟာ ကစားအားထပ်တင်လာသလို တိုက်စစ်တွဲလုံးတွေကလည်း ပထမပိုင်းကထက် ထိရောက်ခဲ့ပါတယ်။ ကံကောင်းသွားတာကတော့ ပယ်နယ်တီနှစ်လုံးရခဲ့တာဖြစ်ပြီး ခြောက်ဂိုးပေးရတာအထိ ဒရက်စတား ခံစစ်ပြိုဆင်းသွားခဲ့ပါတယ်။ အက်ရှိကာမက်အသင်းအတွက် အနိုင်ဂိုးတွေကို အသင်းခေါင်းဆောင် ရှာမူယာ ဒေါ့ဗ်က ပယ်နယ်တီနှစ်ဂိုးအပါအဝင် ၅၆ မိနစ်၊ ၈၆ မိနစ်၊ ၈၉ မိနစ်နဲ့ ၉၁ မိနစ်တို့မှာ လေးဂိုး၊ ၈၁ မိနစ်မှာ အမာနော့မ်နဲ့ ၈၈ မိနစ်မှာ ဂါဇာဆော့မ်တို့က တစ်ဂိုးစီသွင်းယူခဲ့ပါတယ်။ AFC President's Cup ပြိုင်ပွဲ အဖွင့်ပွဲစဉ်မှာပဲ ထူးခြားမှုတွေရှိခဲ့ပြီး အက်ရှိကာမက် အသင်းခေါင်းဆောင် ရှာမူရာဒေါ့ဗ်က တစ်ပွဲတည်း လေးဂိုးသွင်းယူနိုင်ခဲ့သလို အခုပွဲမှာ ကွင်းလယ်ဒိုင်လုပ်ခဲ့တဲ့ တောင်ကိုရီးယားမှ Ko Hyung Jin ဟာ ကျန်းမာရေးအခြေအနေကြောင့် ပထမပိုင်းအပြီးမှာ အနားယူခဲ့ရပြီး အရန်ဒိုင် Ng Kai Lam (ဟောင်ကောင်)က ဒုတိယပိုင်းကို တာဝန်ယူ ဆောင်ရွက်ခဲ့ရပါတယ်။

ယနေ့ပွဲ

(အောင်ဆန်းကွင်း) ညနေ ၃ နာရီခွဲ
နာဂါကော့ဗ်-KRL

(သုဝဏ္ဏကွင်း) ညနေ ၄ နာရီ
မာကက်ရှ်-ရီနောင်းစပို့စ်

အက်ရှိကာမက်အသင်းကို ပထမပယ်နယ်တီ ရရှိစေခဲ့သည့် နံပါတ်-၇ ရှာမူရာဒေါ့ဗ်၏ ထိုးဖောက်ကစားဟန်။

မြန်မာ့အလင်း ပရီမီယာလိဂ်ပွဲသိမ်းဖောင်ပိတ်သတင်း

ချစ်စိုးနိုင်-စုစည်းသည်

ချယ်လ်ဆီးတို့ ပရီမီယာလိဂ်ဖလားကိုင်မြှောက်ခွင့်ရ လေးနှစ်ဆက်တိုက် ချန်ပီယံဖြစ်ခွင့် မန်ယူလက်လွှတ်ခဲ့ရ

လန်ဒန် မေ ၉

ပရီမီယာလိဂ်နောက်ဆုံးပွဲစဉ်(၃၈) ပွဲစဉ်များကို မေ ၉ရက် ညနေက တစ်ပြိုင်နက်တည်း ယှဉ်ပြိုင်ကစားခဲ့ကြရာ လက်ရှိချန်ပီယံမန်ယူက အိမ်ကွင်း၌ စတုတ်အသင်းကို လက်ခံကစားချိန်တွင် ချယ်လ်ဆီးတို့က အိမ်ကွင်း၌ ဝီဂန်ကို ဧည့်ခံကစားခဲ့သည်။

ပွဲထွက်

မန်ယူတို့အိမ်ကွင်း၌ နိုင်ပွဲရရေးအတွက် ဗန်ဒါဆာ၊ ဂယ်ရီနဗီးလ်၊ အီဗရာ၊ ဖာဒီနန်၊ ဗီဒစ်၊ ဂစ်၊ နာနီ၊ ပေါစခိုးလ်၊ ဖလက်ချာ၊ ဘာဘာတော့ဗ်၊ ရွန်နီတို့ဖြင့် လူစုံတက်စုံ ပွဲထွက်ကစားကြခဲ့သည်။ ထို့အတူ ဧည့်သည်စတုတ်တို့လည်း ဘီဂိုဘစ်၊ ဟတ်သ်၊ ရှောခရော့၊ ဝီလ်ကင်ဆန်၊ ဗီလန်၊ ဖူလာတို့ဖြင့် လူစုံနီးပါးပွဲထွက်ခဲ့သည်။

အနီးကပ်သွင်းယူ

မန်ယူတို့ အမှတ်ပြည့်ရယူရေးအတွက် ပွဲစလျှင်စချင်း လျင်လျင်မြန်မြန်ထိုးဖောက်ကစားခဲ့သော်လည်း ဧည့်သည်စတုတ်တို့ ပိတ်ဆို့ကစားနေမှုကြောင့် မိနစ် ၃၀ အထိ ဂိုးမရရှိခဲ့ပေ။ ပွဲချိန် ၃၁ မိနစ်တွင် မန်ယူတို့ရသော ဘယ်ထောင့်ကန်ဘောကို ရှိုင်ယန်ဂစ် ကန်တင်ပေးရာ ဖလက်ချာက အနီးကပ်သွင်းယူသဖြင့် မန်ယူတို့ ဦးဆောင်ဂိုး ရရှိခဲ့သည်။

မန်ယူတိုက်စစ်ကို စတုတ်တို့ ဟန့်တားနေသည့်ကြားမှ ပွဲချိန် ၃၈ မိနစ်တွင် ရှိုင်ယန်ဂစ်က စတုတ်ဂိုးဧရိယာအစပ်မှ အနီးကပ်ဂိုးသွင်းယူသဖြင့် မန်ယူတို့ ပထမပိုင်းတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

အိပ်မက်ပျက်ပြယ်

ဒုတိယပိုင်းတွင် မန်ယူတို့ စတုတ်စီးတီးကို ဆက်လက်ခြိမ်းခြောက်ကစားရာ ပွဲချိန် ၅၄ မိနစ်တွင် စတုတ်မှ ဟစ်ဂင်ဘွန်သန် ကာကွယ်ရင်း ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် မန်ယူတို့ တတိယဂိုးရရှိခဲ့သည်။ ပွဲချိန် ၈၄ မိနစ်တွင် စတုတ်ဂိုးနှင့် ခြောက်ကိုက်အကွာမှ ပတ်ဂျီဆန် ခေါင်းတိုက်သွင်းယူခဲ့သဖြင့် မန်ယူတို့ စတုတ္ထဂိုး ရရှိခဲ့သည်။ စတုတ်တို့ ပွဲပြီးသည်အထိ ချေပဂိုး ပြန်မသွင်းနိုင်သဖြင့် ပွဲပြီးချိန်တွင် လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ သို့သော်လည်း ချယ်လ်ဆီးနိုင်ပွဲရခဲ့ခြင်းကြောင့် မန်ယူတို့ ပရီမီယာလိဂ် လေးနှစ်ဆက်တိုက်ချန်ပီယံဖြစ်ရေး အိပ်မက်ပျက်ပြယ်ခဲ့ရသည်။

ပါဝင်ကစား

ချယ်လ်ဆီးတို့ အိမ်ကွင်း၌ ပရီမီယာလိဂ်ဖလားကိုင်မြှောက်ခွင့်ရရေးအတွက် ပီတာဆက်ချ်၊ အီဗာနိုဗစ်၊ အက်ရှ်လေကိုး၊ တယ်ရီ၊ အဲလက်စ်၊ လမ်းပတ်၊ ဘောလက်၊ မာလူဒါ၊ ဒရော့ဘာ၊ ကာလူး၊ အနယ်လ်ကာ တို့ဖြင့် လူစုံတက်စုံ ပွဲထုတ်ခဲ့သည်။ ဧည့်သည် ဝီဂန်တို့တွင် ကယ်လ်ဝဲလ်၊ ဘိုက်စ်၊ မဲလ်ချော့၊ ဖီဂွီရိုအာ၊ မက်ကာသီ၊ ရိုဒယ်လီဂါ တို့ဖြင့် လူစုံနီးပါး ပါဝင်ကစားခဲ့ကြသည်။

အိမ်ရှင်ချယ်လ်ဆီးတို့ ပရီမီယာလိဂ်ဖလားရရေးအတွက် ကစားအားတင် တိုက်စစ်ဖွင့်ခဲ့ရာ ပွဲစပြီး ခြောက်မိနစ်မှာပင် အနယ်လ်ကာက ဖွင့်ဆော်ဦးဂိုးသွင်းယူခဲ့သည်။ ချယ်လ်ဆီး တိုက်စစ်ကို ဝီဂန်တို့ ကြံ့ကြံ့ခံ ကစားခဲ့သည့်အတွက် ပွဲချိန် ၃၁မိနစ်တွင် ဝီဂန်နောက်တန်းမှ ကယ်လ်ဝဲလ်က ဂိုးဧရိယာအတွင်း လမ်းပတ်အား ကြမ်းတမ်းစွာ ကစားခဲ့သဖြင့် အနီကတ်ပြထုတ်ပယ်ခံရပြီး ပယ်နယ်တီကို လမ်းပတ်က သွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီး ချယ်လ်ဆီးတို့ နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။

ကိုင်မြှောက်ခွင့်ရ

ဒုတိယပိုင်းတွင် ချယ်လ်ဆီးတို့ တစ်ဖက်သတ် ဖိကစားပြီး ၅၄မိနစ်တွင် ကာလူးက တတိယဂိုး၊ ၅၆မိနစ်တွင် အနယ်လ်ကာက စတုတ္ထဂိုး၊ ၆၃မိနစ် ဒရော့ဘာကတွင် ပဉ္စမဂိုး၊ ၆၈မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဆဋ္ဌမဂိုး၊ မိနစ် ၈၀တွင် သတ္တမဂိုး၊ မိနစ် ၉၀တွင် အက်ရှ်လေကိုးက အဋ္ဌမဂိုး အသီးသီးသွင်းယူကာ ပရီမီယာလိဂ်ဖလား ကိုင်မြှောက်ခွင့်ရရှိသွားပြီး ဒရော့ဘာလည်း ရွှေဖိနပ်ဆု ဆွတ်ခူးသွားခဲ့သည်။

ချယ်လ်ဆီးအသင်းသားများ ပရီမီယာလိဂ်ဖလား ဆွတ်ခူးခွင့်ရပြီးနောက် အောင်ပွဲခံနေကြစဉ်။ (အင်တာနက်ဓာတ်ပုံ)

အခြားပွဲရလဒ်များ

အာဆင်နယ်	၄	- ၀	ဖူလ်ဟမ်
ဗီလာ	၀	- ၁	ဘလက်ဘန်း
ဘော်လ်တန်	၂	- ၁	ဘာမင်ဂမ်
ဘန်လေ	၄	- ၂	စပါး
အဲဗာတန်	၁	- ၀	ပို့စ်မောက်
ဟူးလ်စီးတီး	၀	- ၀	လီဗာပူး
ဝက်စ်ဟမ်း	၁	- ၁	မန်စီးတီး
ဝုဗ်	၂	- ၁	ဆန်းဒါးလန်း

(အင်တာနက်)

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

ကောင်းမြတ်သူ ➤ စုစည်းတင်ပြသည်

လုပ်ငန်းခွင်စိတ်ဖိစီးမှု နှလုံးရောဂါအဖြစ်များ

လန်ဒန် မေ ၉

အသက် ၅၀အောက် အမျိုးသမီးများသည် လုပ်ငန်းခွင်၌ စိတ်ဖိစီးမှုခံရ၍ နှလုံးရောဂါဖြင့်သေဆုံးမှုများ ပိုမိုများပြားလျက်ရှိကြောင်း သူနာပြုဆရာမများအား သုတေသနပြု လေ့လာတင်ပြထားသည်။

လေ့လာတင်ပြ

အသက်ငယ်ရွယ်သူအမျိုးသမီးများသည် အသက် ၅၀ ကျော်၊ ၆၀ ကျော် အမျိုးသမီးများထက် လုပ်ငန်းခွင်၌ စိတ်ဖိစီးမှု ပိုများ၍ နှလုံးရောဂါဖြစ်ပွားမှုများလာကြောင်း ဒိန်းမတ်သုတေသီများက လေ့လာတင်ပြခဲ့ခြင်းဖြစ်သည်။

အဆိုပါသုတေသီများက သူနာပြုဆရာမ ၁၂၀၀၀ အား တွေ့ဆုံမေးမြန်းသုတေသနပြုခဲ့ရာ အများစုမှာလုပ်ငန်းခွင်တွင် စိတ်ဖိစီးမှုခံကြရကြောင်း၊ အချို့မှာနှလုံးရောဂါများခံစားနေကြရကြောင်း လေ့လာတင်ပြထားသည်။

ဆရာဝန်များ၏ကုသမှုခံယူနေစဉ် လူနာများနှလုံးခုန်သွေးတိုးမှုပိုမြန်ဟုဆို

ဆရာဝန်များကုသစစ်ဆေးနေချိန်အတွင်း လူနာများ၏ နှလုံးခုန်သွေးတိုးမှုမှာ ပိုမိုမြင့်တက်စေနိုင်ကြောင်း သုတေသီများက ပြောကြားသည်။

ပိုမြန်စေ

လူနာများအား ခွဲစိတ်ကုသရန်သော်လည်းကောင်း၊ ဆေးစစ်ဆေးကုသရန်သော်လည်းကောင်း ဆရာဝန်များက စစ်ဆေးသည့်အခါ စိတ်လှုပ်ရှားမှုကြောင့် နှလုံးခုန်နှုန်းပိုမြန်စေခြင်းဖြစ်ကြောင်း ဩစတြေးလျ သုတေသနအဖွဲ့က လေ့လာတင်ပြခဲ့သည်။

ဗြိတိန်နိုင်ငံရှိ အရွယ်ရောက်သူ ၄၀ ရာခိုင်နှုန်းမှာ သွေးတိုးစေနိုင်သည့် စွန့်စားမှုများရှိနေပြီး နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ လေဖြတ်ခြင်းတို့နှင့် ဆက်နွယ်နေသည်ဟုဆိုသည်။ *(အင်တာနက်)*

ကွန်ပျူတာ သတင်းအချက်အလက်နှင့် စီးပွားရေး ပညာရပ်ဆိုင်ရာ ဘွဲ့ကြိုသင်တန်း တက်ရောက်နိုင်

ရန်ကုန် မေ ၉

STI Education က ဖွင့်လှစ်မည့် ကွန်ပျူတာ သတင်းအချက်အလက်နှင့် စီးပွားရေးပညာရပ်ဆိုင်ရာ ဘွဲ့ကြိုသင်တန်းကို တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး သတ်မှတ်ထားသော အင်္ဂလိပ်ဘာသာ အရည်အချင်းပြည့်ဝသူ မည်သူမဆို တက်ရောက်နိုင်မည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်နှစ်ကြာမြင့်မည်ဖြစ်သည်။

စီးပွားရေးဆိုင်ရာဘွဲ့

ယင်းသင်တန်းသည် ဩစတြေးလျ တက္ကသိုလ်၏ Bachelor of Commerce (Business Information Systems/Technology)၏ ပထမနှစ်နှင့်ညီမျှပြီး ဒုတိယနှစ်နှင့်ညီမျှသော Advanced Diploma in Business Information Systems ကို STI ၌ပင် ဆက်လက်တက်ရောက်နိုင်ကာ နောက်ဆုံးနှစ်ကို ဩစတြေးလျတက္ကသိုလ်၌ သင်ကြား၍ ကွန်ပျူတာ သတင်းအချက်အလက်နှင့် စီးပွားရေးဆိုင်ရာဘွဲ့ကို အဆင့်ဆင့် ရယူနိုင်မည်ဖြစ်သည်။

ကျောင်းသားတစ်ဦးသည် ယင်းဘာသာရပ်များကို စာတွေ့သာမက လက်တွေ့နမူနာ စီမံကိန်းများနှင့် ချမှတ်လုပ်ဆောင်ရမည်ဖြစ်ပြီး သင်တန်းကာလတစ်လျှောက်လုံး လိုအပ်သည့်အတန်းတွင်း လေ့ကျင့်မှုများကို Industry အတွေ့အကြုံရှိ ဝါရင့်ဆရာ၊ ဆရာမများက စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည် ဖြစ်သည်။

ကျေကျေညက်ညက်

ထို့ပြင် ကျောင်းသားများ၏ တိုးတက်မှုစွမ်းရည်ကို စဉ်ဆက်မပြတ် အကဲခတ်၍ အတန်းတွင်း၌ မိမိတို့၏ သိရှိမှုများကို တင်ပြဆွေးနွေးကြရမည်ဖြစ်သည်။ အကဲဖြတ်စနစ်မှာ အတန်းတင်စာမေးပွဲ တစ်ခုတည်းကိုသာ အခြေခံသော စနစ်မဟုတ်ဘဲ တင်ပြချက်၊ လက်တွေ့ဆောင်ရွက်မှုများကို အစီရင်ခံခြင်း၊ သင်ခန်းစာများကို ကျေညက်မှုရှိစေရန် Tutorial, Assignment များ ဖြေဆိုခြင်း၊ ကျောင်းတက်ချိန် မှန်ကန်ခြင်း၊ နမူနာ Project များ လက်တွေ့ လုပ်ဆောင်မှုများကိုပါ ထည့်သွင်း အကဲဖြတ်သွားမည်ဖြစ်ရာ သင်တန်းပြီးဆုံးပါက ကျောင်းသားများမှာ စာတွေ့ရော လက်တွေ့ပါ ကျေကျေညက်ညက် သိရှိနားလည်သွားမည်ဖြစ်သည်။

သင်တန်းအောင်မြင်ပြီးစီးသူများအနေဖြင့် ပြည်တွင်း၊ ပြည်ပရှိ IT ကုမ္ပဏီများတွင် ဩစတြေးလျ ကွန်ပျူတာအသင်းအဖွဲ့ (Australia Computer Society) အသိအမှတ်ပြု Business Analysts, Systems Analysts, Information Centre Consultants, Information Manager, Database Administrator, Database Design Specialist, Systems Administrator, Systems Designer များအဖြစ် အသက်မွေးဝမ်းကျောင်း ပြုနိုင်မည်ဖြစ်သည်။

စာရင်းပေးသွင်း

သို့ဖြစ်ရာ ကျောင်းသားများအနေနှင့် စရိတ်သက်သာ၍ အာမခံချက်အပြည့် အဝရှိသော နိုင်ငံတကာ သင်ရိုးညွှန်းတမ်းများအတိုင်း မြန်မာနိုင်ငံ၌ စတင်၍ သင်ကြားနိုင်မည့် အခွင့်အလမ်းရရှိပြီဖြစ်ကြောင်း၊ စိတ်ပါဝင်စားသူများအနေနှင့် STI Education တည်ရှိရာ အမှတ်၃၇၇၊ ရွှေဘုံသာလမ်း (အထက်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်နှင့် Block-4, Room-7, Myanmar Info-Tech, Hlaing Campus, Hlaing Township, Yangon- ဖုန်း-၉၅-၁၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၀၄၆၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁၊ ၅၀၇၁၅၂ တို့သို့ စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မော်လမြိုင်ကျွန်းမြို့ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေကြသူများအား ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

လမ်း၊ တံတားများကို ရေရှည်ခိုင်ခံ့သေသပ်စေရန် အလေးဂရုပြုရမှာဖြစ်သကဲ့သို့

ငွေကြေးပိုင်းနှင့်ပစ္စည်းများ၌လည်း အလေအလွင့်အပြုန်းအတီးမရှိစေရန် စနစ်တကျထိန်းသိမ်း

❍ *ရှေ့ဖုံးမှ*

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့နယ်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရာဇူဒိုင်တံတား အမှတ် (၁) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် ရှင်းလင်းဆောင်ရှုရပ်မှနေ၍ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဦးခင်မောင်မြင့်က ဧရာဝတီတိုင်း လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအတွင်းရှိ လမ်းမကြီး (၁၀)လမ်း၌ပါဝင်သော အမှတ် (၁) လမ်းမကြီးဖြစ်သည့် မအူပင်-ရေလဲကလေး - ရွှေတောင်မော် - ကျိုက်ပိ - မော်လမြိုင်ကျွန်း လမ်းပိုင်းပေါ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ခဲ့သော အရှည်ပေ ၅၄၀ရှိ ရာဇူဒိုင်တံတား အမှတ် (၂)ကို ၉-၁-၂၀၁၀ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့မှု၊ ယခုတည်ဆောက်ဆဲ ရာဇူဒိုင်တံတားအမှတ် (၁)၏ ၈၃ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေမှု၊ လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးက ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင်ပါဝင်သော လမ်းမကြီး (၁၀)လမ်းဖြစ်သည့် မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း

မင်းဆိပ်ကျေးရွာရှိ Cyclone Shelter ဆောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

(၄၃ မိုင် ၅ ဖာလုံ)၊ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း (၆၉ မိုင် ၃ ဖာလုံ)၊ လပွတ္တာ- သဃ်န်းကြီး-ပြင်စလူလမ်း (၃၅ မိုင် ၂ ဖာလုံ)၊ လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း (၃၉)မိုင်၊ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်း (၄၁မိုင် ၂ ဖာလုံ)၊ ဘိုကလေး -စက်ဆန်း-ထော်ပိုင်-အမာလမ်း (၃၈မိုင် ၅ ဖာလုံ)၊ ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်း (၅၁မိုင် ၅ဖာလုံ)၊ ကျုံကဒွန်း-စက်ဆန်းလမ်း (၁၉မိုင် ၁ဖာလုံ)၊ ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း (၉၆မိုင်)နှင့် ဘိုကလေး-

မော်လမြိုင်ကျွန်း - ဝါးခယ်မ - မြောင်းမြလမ်း (၆၆မိုင်)တို့ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကကုမ္ပဏီများ ပူးပေါင်းဖောက်လုပ်နေမှု၊ လမ်းများပေါ်ရှိ တံတားများတည်ဆောက်ပြီးစီးမှု၊ နာဂစ်မုန်တိုင်းဒဏ်သင့် ဒေသများ၌ Cyclone Shelter အလုံး ၂၀ တည်ဆောက်ပြီးစီးမှုနှင့် သက်ကယ်ကုန်းမြင့်များ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြင်ဆင်ဆောင်ရွက်

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လမ်း၊ တံတားများကို ရေရှည်ခိုင်ခံ့သေသပ်စေရန် အလေးဂရုပြုရမှာဖြစ်သကဲ့သို့ ငွေကြေးပိုင်းနှင့် ပစ္စည်းပိုင်းများ၌လည်း အလေအလွင့် အပြုန်းအတီးမရှိစေရန် စနစ်တကျ ထိန်းသိမ်းကြရန် အရေးကြီးကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ မုန်တိုင်းတိုက်ခတ်ပြီး ရေကြီးရေမြုပ်မှုမျိုးများအပြင် မိုးခေါင်မှု၊ သောက်သုံးရေရှားပါးမှုဆိုသည့် အခြားဘေးအန္တရာယ် အမျိုးမျိုးလည်း ပါရှိကြောင်း၊ မည်သည့်သဘာဝဘေးအန္တရာယ်ကိုပင်ဖြစ်စေ မိမိတို့ ရင်ဆိုင်ဖြေရှင်းနိုင်အောင် အစစ ပြင်ဆင်ဆောင်ရွက်ထားကြရမှာပင် ဖြစ်ကြောင်းဖြင့် လမ်း၊ တံတားများ စနစ်တကျ တည်ဆောက်ရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် တည်ဆောက်လျက်ရှိသည့် တံတားတည်ဆောက်ရေးလုပ်ငန်း အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရာဇူဒိုင်တံတားအမှတ် (၁)

ရာဇူဒိုင်တံတားအမှတ် (၁)သည် ရာဇူဒိုင်မြစ်ကို ဖြတ်ကျော်လျက် လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် နွားရေကျော်-ညောင်ရမ်းကျေးရွာ အုပ်စု၊ ကညင်ခဲကျေးရွာနှင့် မော်လမြိုင်ကျွ
ဖြစ်သည်။

တံတားကြီးသည် ဧရာဝတီမြစ်ဝကျွန်း
လမ်းမကြီး (၁၀)လမ်းအနက်မှ အမှတ် (၁) လမ်း
မော်လမြိုင်ကျွန်းလမ်း၊ အမှတ် (၂) လမ်းမကြီးဖြ
ပြင်စလူလမ်းနှင့် အမှတ်(၁၀) လမ်းမကြီးဖြစ်သေ

မအူပင် - ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းပိုင်းပေါ်ရှိ ရာဇူဒိုင်တံတား အမှတ်(၁)ကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်း ပြည်သူ့ဆေးရုံ

မော်လမြိုင်ကျွန်းမြို့ ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ကြည့်ရှု စစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး မင်းဆိပ်ကျေးရွာ၌ Cyclone Shelter ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး
ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း
Cyclone Shelter အဆောက်အအုံတွင်
ကြည့်ရှုစစ်ဆေးစဉ်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ခမင်းဆိပ်ကျေးရွာ၌ Cyclone Shelter ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ခမင်းဆိပ်ကျေးရွာ Cyclone Shelter အဆောက်အအုံတွင် ဖွင့်လှစ်ထားသော အခြေခံပညာအထက်တန်းကျောင်းခွဲကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အုပ်စု၊ ကညင်ခဲကျေးရွာနှင့် မော်လမြိုင်ကျွန်းအနီးရှိ ရေလိန်ကျွန်းကို ဆက်သွယ်ထားသည့် တံတားကြီးဖြစ်သည်။

တံတားကြီးသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအတွင်းရှိ လမ်းမကြီး (၁၀)လမ်းအနက်မှ အမှတ် (၁) လမ်းမကြီးဖြစ်သော မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း၊ အမှတ် (၂) လမ်းမကြီးဖြစ်သော မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်းနှင့် အမှတ်(၁၀) လမ်းမကြီးဖြစ်သော ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြလမ်း စသည့် လမ်း (၃)လမ်းနှင့် ဆက်စပ်တည်ရှိပြီး တံတားကြီး တည်ဆောက်ပြီးစီးပါက ကျွန်းထီးတည်းအဖြစ် တည်ရှိခဲ့သော မော်လမြိုင်ကျွန်းမြို့သည် ကျိုက်ပိ-ရွှေတောင်မော်-ရေလဲကလေး-မအူပင်လမ်းမှတစ်ဆင့် မြန်မာနိုင်ငံအရပ်ရပ်သို့ တစ်ဆက်တစ်စပ်တည်း ဆက်သွယ်သွားလာနိုင်တော့မည် ဖြစ်သည်။

တံတားမှာ တစ်လမ်းသွားကားလမ်းတံတားဖြစ်ပြီး အရှည် ၁၉၅၅ပေရှိသည့် သံကူကွန်ကရစ်ဘိုးပိုင်၊ သံကူကွန်ကရစ်တိုင် ကိုယ်ထည်နှင့် သံမဏိသံပေါင် အမျိုးအစားဖြစ်သည်။

ကြိုဆို

ထိုမှတစ်ဆင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် မော်လမြိုင်ကျွန်းမြို့ ဖွံ့ဖြိုးစည်ပင်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

အားပေးနှုတ်ဆက်

ဆက်လက်၍ ခုတင် (၁၀၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး ဆေးရုံတည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ဆေးရုံတွင် လာရောက်ဆေးဝါးကုသမှုခံယူကြသူများအား ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်သည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့မှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် ဖျာပုံမြို့နယ် ခမင်းဆိပ်ကျေးရွာသို့ရောက်ရှိကြရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဦးစိုးနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ခမင်းဆိပ်ကျေးရွာ၌ Cyclone Shelter ဆောက်လုပ်ပြီးစီးမှုအခြေအနေ၊ ယင်းအဆောက်အအုံ၌ အခြေခံပညာအထက်တန်းကျောင်းခွဲ ဖွင့်လှစ်ထားရှိမှု၊ ယုဇနကုမ္ပဏီလီမိတက်က ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်၊ မာလ်တီမီဒီယာနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းထားမှုကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးသည် ဒေသခံတာဝန်ရှိသူများအား ဒေသအတွင်း သောက်သုံးရေကန်များတွင် ရေသိုလှောင်ထားရှိမှု အခြေအနေ၊ စပါးနှင့်အခြားသီးနှံများ စိုက်ပျိုးအောင်မြင်မှု အခြေအနေများကို ဆွေးနွေးမေးမြန်းပြီး Cyclone Shelter ပေါ်မှ ပတ်ဝန်းကျင်အခြေအနေကို ကြည့်ရှုသည်။

ရာဇူဒိုင်တံတား အမှတ်(၁)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်နေသည့် မော်လမြိုင်ကျွန်းမြို့နယ်ရှိ ရာဇူဒိုင်တံတား အမှတ် (၁)ကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကနိကျေးရွာသို့ရောက်ရှိကြပြီး ကျေးရွာရှိ အောင်မြေချမ်းသာရကျောင်းတိုက် ပဓာနနာယကဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့သို့ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့ စည်ပင်ဖွံ့ဖြိုးတိုးတက်နေမှုအခြေအနေကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ဖျာပုံမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြသည်။ **(သတင်းစဉ်)**

အလင်းရိပ်အောက်မှာအေးမြပြီ.... မေယုနဒီရဲ့ရသေ့တောင်ဆီ

ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)

ဒီနေ့ဟာ ရသေ့တောင်မြို့သား ကိုမောင်စိုးမြာအတွက် အပျော်ဆုံး နေ့ရက်တွေပဲဖြစ်ပါတယ်။ သိတတ်တဲ့အရွယ်ကစပြီး ဒီအသက်အရွယ်အထိ သဘာဝလောကကြီးနဲ့ အလင်းရောင်ကို ကောင်းကောင်းမခံစားခဲ့ရဖူးပါဘူး။

လူပိုတစ်ယောက်မဖြစ်လိုတာကြောင့် ရပ်ထဲရွာထဲမှာ ကိုယ်နိုင်သမျှ အလုပ်ကလေးတွေ လုပ်ကိုင်ပေးရင်းနဲ့ ဘဝကိုကြံ့ကြံ့ခံ ရင်ဆိုင်ရပ်တည်နေခဲ့ရပါတယ်။ ဟော... အခုတော့ ကံထူးသူ ကိုမောင်စိုးမြာ မျက်စိပြန်မြင်ရပါပြီ။ နှစ်ပေါင်း ၃၉ နှစ်လုံးလုံး အမှောင်ဖုံးနေရာက လင်းလက်တောက်ပခဲ့ရပါပြီ။ နေကာမျက်မှန်လေးတဝင့်ဝင့်နဲ့ လူတကာကိုလိုက်ပြီး နှုတ်ဆက်နေရှာတဲ့ ကိုမောင်စိုးမြာရဲ့ အပျော်တွေက အားလုံးဆီကို ကူးစက်သွားခဲ့ရပါတယ်။

တာဝန်ရှိသူတွေ၊ အလှူရှင်နဲ့ မျက်စိအထူးကုအဖွဲ့အားလုံးကို ကျေးဇူးတင်တဲ့အကြောင်း တစ်လောကလုံးကြားအောင် ရင်ထဲရှိသမျှဖွင့်ဟလို့ ပြောလိုက်ချင်ပါရဲ့လို့ တွေးနေစဉ်မှာပဲ အောင်ပွဲအခမ်းအနား စတင်ကြောင်း ကြေညာသံကြားလိုက်ရပါတယ်။ တာဝန်ရှိသူတွေရဲ့ ရင်တွင်းပီတိစကား၊ ဒေသခံတွေရဲ့ ကျေးဇူးတင်စကားပြောအပြီးမှာတော့ မျက်စိခွဲစိတ်ခံ လူနာတစ်ဦးက ကျေးဇူးတင်စကားပြောပေးဖို့ ဖိတ်ခေါ်သံကြားလိုက်ရတဲ့အခါ ကိုမောင်စိုးမြာ ရုတ်တရက်ထရပ်လိုက်ပါတယ်။ ဘယ်သူမှမတားနိုင်ခင်မှာပဲ မိုက်ကရိုဖုန်းရှိရာကို ခြေလှမ်းကျဲကြီးနဲ့ လျှောက်သွားပြီးတဲ့နောက် သူ့ရင်ထဲက စကားလုံးတွေက အတားအဆီးမရှိ ခုန်ထွက်လာပါတော့တယ်။

“အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။ အခု ကျွန်တော့်မျက်စိပြန်မြင်ရပါပြီ။ ကျွန်တော့်ဘဝ၊ ကျွန်တော့်ကမ္ဘာမှာ အလင်းရောင်ကွယ်ပျောက်ပြီး အမှောင်လမ်းမှာ စမ်းတဝါးဝါးလျှောက်လှမ်းခဲ့ရတဲ့ နေ့ရက်တွေကုန်ဆုံးပျောက်ကွယ်ခဲ့ရပါပြီ။ ကျွန်တော့်မျက်စိကို ကုသဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်။ မမြင်နိုင်တော့ဘူးရယ်လို့ အားလုံးကသတ်မှတ်ခဲ့ကြပေမယ့် မြင်ချင်လွန်းတဲ့ စိတ်ဆန္ဒနဲ့ ဖွဲ့မလျှော့ခဲ့လို့သာ အခုလိုနေ့ရက်တွေကို ပိုင်ဆိုင်ခဲ့ရတာပါ”လို့ အစချီပြီးတော့ စကားလုံးလှလှတွေနဲ့ အထစ်အငေါ့မရှိ ပြောသွားခဲ့ပါတယ်။ ကြိုတင်ပြင်ဆင်ထားခြင်းမရှိပေမယ့် စကားလုံးတိုင်းဟာ ရင်တွင်းခံစားချက်အစစ်အမှန်တွေမို့ ကြားရသူတိုင်း ဝမ်းသာဝမ်းနည်း မျက်ရည်စို့ခဲ့ကြရပါတယ်။

တကယ်တော့ ကိုမောင်စိုးမြာရဲ့ မျက်စိနှစ်လုံးဟာ အတွင်းတိမ်ကြောင့် နှစ်ပေါင်းများစွာ မမြင်ခဲ့ရသလို မျက်စိအာရုံကြောတွေကလည်း သိပ်အလုပ်မလုပ်ကြတော့ပါဘူး။ မျက်စိဟာ ဘေးတိုက်တုန်ခါနေပြီး ဦးနှောက်နဲ့ မျက်စိရဲ့ ထိန်းချုပ်ဆက်သွယ်မှုဟာလည်း အားနည်းနေခဲ့ပါပြီ။ ဒါကြောင့် ခွဲရင်မြင်ပါ့မလားဆိုတာကို တိတိကျကျ အဖြေမပေးနိုင်ခဲ့ပါဘူး။ တစ်ဖက်ကကြည့်တော့လည်း အခုလို မျက်စိအထူးကုအဖွဲ့ကြီး ရသေ့တောင်မြို့လေးကို လာရောက်ပြီး လူစုလူဝေးကြီးကို တစ်ပြိုင်နက်တည်း ခွဲစိတ်ကုသပေးနိုင်ဖို့ဆိုတာ တစ်သက်မှာတစ်ခါသာ မက်ဖူးတဲ့အိပ်မက်တွေလို့ ဆိုရမှာပါ။ ဒီကြားထဲ ကာယကံရှင်က “မြင်ရသလောက်နဲ့ ကျေနပ်မှာပါ၊ အလင်းရောင်လေး မြင်ရရင်ကို တော်ပါပြီ၊ ကျွန်တော့်ကို ခွဲပေးပါနော်”ဆိုပြီး သနားစဖွယ် ပြောနေပြန်တော့ ဒီအတိုင်းထားခဲ့တာနဲ့စာရင် နည်းနည်းမြင်ရလည်း အမြတ်ပဲဆိုပြီး ဆုံးဖြတ်ခဲ့ကြတာပါ။ ဒါပေမယ့် ခွဲစိတ်အပြီးမှာ အံ့သြစရာကောင်းလောက်အောင် မျက်စိနှစ်ဖက်လုံး ပြန်မြင်သွားရတော့ ကိုမောင်စိုးမြာ တစ်ယောက် ဘဝသစ်၊ အမြင်သစ်မှာ အခုလို ဝမ်းသာပျော်ရွှင်နေခဲ့တာပဲ ဖြစ်ပါတယ်။

ဒီနေရာမှာပဲ ရသေ့တောင်ခရီးစဉ် စတင်ဖြစ်ပေါ်ခဲ့ပုံလေးကို အနည်းငယ် ပြောပြချင်ပါတယ်။ ၂၀၀၇ခုနှစ်မှာ ပါမောက္ခဒေါက်တာ ဦးကံညွန့် ဦးဆောင်တဲ့ မျက်စိအထူးကုအဖွဲ့ မင်းပြားမြို့ခရီးစဉ်ကို သွားရောက်ခဲ့ကြပါတယ်။ အပြန်မှာ အလိုတော်ပြည့်ဆရာတော်ကြီးကို ဖူးမြော်တွေ့ဆုံခဲ့တဲ့အခါ ဆရာတော်ကြီးရဲ့ ဇာတိမြို့ဖြစ်တဲ့ ရသေ့တောင်မြို့လေးမှာ မျက်စိကုသပေးဖို့ မိန့်ကြားခဲ့တဲ့အတွက် ကတိတွေပေးခဲ့ကြပါတယ်။

အဲ့ဒီနောက်မှာ ရခိုင်ဒေသအနှံ့အပြားကို သွားရောက်ခဲ့ကြပေမယ့် ရသေ့တောင်ခရီးစဉ်ကို မစတင်နိုင်ခဲ့ကြပါဘူး။ ၂၀၁၀ခုနှစ်ကို ရောက်မှပဲ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တို့ရဲ့ စီစဉ်ပေးမှု၊ အလှူရှင်တွေရဲ့ကူညီပံ့ပိုးမှုတွေနဲ့ ရသေ့တောင်မြို့လေးဆီကို ရောက်ခဲ့ရပါတော့တယ်။ ကျွန်မတို့အဖွဲ့ကို ပါမောက္ခဒေါက်တာဦးတင်ဝင်း ဦးဆောင်ပြီး ပါမောက္ခဒေါက်တာ ဦးကံညွန့်လိုက်ပါလျက် မျက်စိအထူးကုဆရာဝန်၊ ဆရာမများနဲ့အလှူရှင်တွေ လိုက်ပါလာခဲ့ကြပါတယ်။

ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ကျောက်တော်၊ ပလက်ဝစတဲ့ဒေသတွေက တိုင်းရင်းသားပေါင်းစုံ လာရောက်ပြသခဲ့ကြပါတယ်။ မျက်စိဝေဒနာရှင် စုစုပေါင်း ၅၅၉၄ဦးကို စမ်းသပ် ကြည့်ရှုပေးခဲ့ပြီး အတွင်းတိမ်ဝေဒနာရှင် ၈၆၈ ဦး အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့တာကြောင့် ခရီးစဉ်အားလုံးရဲ့ စံချိန်သစ်တင်နိုင်ခဲ့တဲ့ပွဲဆိုလည်း မမှားပါဘူး။ ရသေ့တောင်မြို့အတွင်းမှာကို ရခိုင်၊ မြို၊ သက်၊ ခမီ၊ ချင်းစတဲ့ တိုင်းရင်းသားလူမျိုးစုတွေ ပေါင်းစည်းနေထိုင်ကြတာမို့ ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ဆောင်ပေးနိုင်ခဲ့တယ်လို့ ဆိုရမှာပါပဲ။ တစ်ချိန်က ရသေ့တစ်ပါး ပူအောင်း ကျင့်ကြံနေထိုင်ခဲ့တဲ့တောင်ကို အစွဲပြုပြီး ရသေ့တောင်မြို့ရယ်လို့ အမည်တွင်ခဲ့ကြောင်းသိရတဲ့၊ ရသေ့တောင်ချောင်းနဲ့ မေယုမြစ်ကမ်းနဖူးအဆုံမှာရှိတဲ့ ရသေ့တောင်မြို့လေးကို ရောက်ခိုက်မှာ ရသေ့တောင်ဘုရားကို သွားရောက်ဖူးမြော်ခဲ့ကြပါတယ်။

ဘုရားအလောင်း ဆဒ္ဒန်ဆင်မင်းဘဝဖြစ်စဉ်အခါက ကျင်လည်နေထိုင်ခဲ့ဖူးတဲ့ မေယုမြစ်အနီး ရာဇပဗ္ဗတတောင်ပေါ်မှာ မြတ်စွာဘုရားရဲ့ ဦးကင်းတော် “ဓာတ်”ကို စေတီအဖြစ်တည်ဖို့ ဗျာဒိတ်ပေးခဲ့တဲ့အတွက် ဓညဝတီခေတ် သူရိယစက္ကမင်း တည်ခဲ့တဲ့ဘုရားလို့ဆိုပါတယ်။ ဘုရားပွဲအချိန် အလွန်စည်ကားလှပြီး စစ်တွေ၊ ပုဏ္ဏားကျွန်းနဲ့ အနီးအနားက ဘုရားဖူးတွေရိက္ခာအပြည့်တင်ပြီး လှေကြီးလှေငယ်တွေနဲ့လာကြတာ အလွန်ပျော်စရာကောင်းတယ်လို့ သိရပါတယ်။ အလာခရီးမှာတုန်းက မိုးဆီကျွန်းပေါ်မှာရှိတဲ့ မြတ်စွာဘုရားရဲ့ လက်ဝဲ ပါဒခြေတော်ရာကို အဝေးကဖူးမြော်ခဲ့ကြပါတယ်။ နဂါးမင်း(ရမ္ဗဒါ) စောင့်ရှောက်တဲ့ မြတ်စွာဘုရားရဲ့ ခြေတော်ရာဖြစ်လို့ အလွန်ထူးဆန်းအံ့သြဖွယ်ရာတွေနဲ့ ပြည့်နေတယ်လို့ဆိုပါတယ်။ ဧပြီလ ၂၂ရက်နေ့မှာတော့ အလိုတော်ပြည့်ဆရာတော်ကြီးက လိုက်ပါပို့ဆောင်ပေးခဲ့တဲ့အတွက် အားပါးတရ ဖူးမြော်ခွင့်ရခဲ့ပါတယ်။ ဒီတော့လည်း စာဖွဲ့၊ ကဗျာဖွဲ့လို့မဆုံးနိုင်တဲ့ မေယုမြစ်ကြီးနဲ့ ခြေတော်ရာမြစ်ကြီးတို့ ပေါင်းဆုံတည်ရှိနေတဲ့ မိုးဆီကျွန်းဆီကို ရောက်ခဲ့ရပြန်ပြီပေါ့။ ပါဒခြေတော်ရာကအပြန်မှာ ဓညဝတီသင်္ဘောကြီးပေါ်မှာ ကျွန်မတို့ အားလုံးတပျော်တပါး သီချင်းတွေဆိုခဲ့ကြတယ်။ ဒေါက်တာ မိုးကျော်က “မဟာနွယ်”သီချင်းကိုဆိုတဲ့အခါ “လာပါလာ .. ရောက်အောင်လာ၊ ရခိုင်ဆိုတာ အမြဲရှိနေမှာ၊ လာပါလာ ... ရောက်အောင်လာ၊ ရခိုင်စည်တော်ကြီးတီးချိန်မှာ”ဆိုတဲ့အပိုဒ်ကိုရောက်တော့ အားလုံးဝိုင်းဆိုလိုက်ကြတာ ကြက်သီးများတောင် ထမိပါရဲ့။

ဟုတ်ပါတယ်။ ရခိုင်ဆိုတာ အမြဲရှိနေမှာဖြစ်သလို မြန်မာဆိုတာလည်း ထာဝရတည်ရှိနေမှာပါပဲ။ မြန်မာဆိုတဲ့စကားလုံးလေးထဲမှာကို ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းဆိုပြီးတော့ တိုင်းရင်းသားလူမျိုးတွေ စုစည်းပေါင်းစည်းနေကြတာမို့ လူမျိုးရယ်၊ ဘာသာရယ်၊ အသွေးအရောင်ရယ် မခွဲခြားဘဲ စကြဝဠာကောင်းကင်ကြီးရဲ့ အရိပ်အောက်မှာ ကျွန်မတို့အားလုံး အတူတကွရှိနေကြတာပါ။ အဲဒီလို တည်တံ့ခိုင်မြဲလှတဲ့ ကောင်းကင်ပြာကြီးအောက်က ဘယ်သူမှခွဲထွက်လို့မရနိုင်သလို ကျွန်မတို့ တိုင်းရင်းသားတွေ အားလုံးရဲ့ တွဲသောလက်တွေမြဲခိုင်စေဖို့ ကျွန်မတို့ခရီးစဉ်တွေရဲ့ အလင်းအောင်ပွဲတွေက အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ပါဝင်နိုင်ခဲ့ရပါပြီ။

အောင်ပွဲအခမ်းအနားမှာ ဆရာကြီးဒေါက်တာဦးကံညွန့်က ရခိုင်လူထုကို ရခိုင်ဘာသာနဲ့ ပီတိစကားတွေပြောပြီး ဒေါက်တာမိုးကျော်ကလည်း ခွဲစိတ်ပြီးနောက် ဆောင်ရန်ရှောင်ရန်တွေကို ရခိုင်လိုပြောပါတယ်။ တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေကြတဲ့ လူအုပ်ကြီးရဲ့ နှလုံးအိမ်ထဲမှာ အားကိုးယုံကြည်မှု၊ ငြိမ်းချမ်းပျော်ရွှင်မှု စတဲ့ခံစားမှုတွေနဲ့ ထပ်တူထပ်မျှပါပဲ။ အလှူရှင်တွေဖြစ်တဲ့ ဦးအောင်မြတ် (Mother Trading Company)၊ ဦးဝင်းလွင်(ကျော်သာ) ကုမ္ပဏီ၊ ဒေါက်တာမောင်မောင်အေး(မိုးထက်ကမ္ဘာ) ကုမ္ပဏီတို့အားလုံး ပီတိတွေနဲ့ ကြည်နူးကျေနပ်နေကြပါတယ်။ ဒီခရီးစဉ်ဟာ ရသေ့တောင်မြို့လေးအတွက်တော့ နှစ်ပေါင်းများစွာမှာ တစ်ကြိမ်သာကြုံခဲ့ဖူးတဲ့ မဟာအခွင့်အရေးဖြစ်သလို ရခိုင်ပြည်နယ်တစ်ခုလုံးကို ကိုယ်စားပြုတဲ့ အထူးအောင်ပွဲပါလို့လည်း ထပ်တလဲလဲပြောနေခဲ့ကြပါတယ်။

ကျွန်မတို့ မျက်စိဆရာဝန်တွေအတွက်လည်း အခြားခရီးစဉ်တွေထက် ထူးခြားခဲ့တယ်လို့ဆိုရမှာပါ။ အသက် (၁၀)နှစ်၊ (၁၂)နှစ်အရွယ် ထိခိုက်ဒဏ်ရာရတဲ့ ကလေးငယ်တွေကနေ အသက် (၁၀၄)နှစ်အရွယ် အမေကြီးအထိ ခွဲစိတ်ပေးနိုင်ခဲ့ပါတယ်။ မြန်မာစကားရော၊ ရခိုင်စကားပါမတတ်တဲ့ ကမန်နဲ့ မရမာကြီးလူမျိုးတွေကိုလည်း အခက်အခဲမရှိ ခွဲပေးနိုင်ခဲ့တယ်။ ဒီထက်ထူးခြားတာကတော့ အသက်(၃၀)အရွယ်ရှိတဲ့ စိတ်ကစဥ့်ကလျား ဝေဒနာရှင်မလေးတစ်ယောက်ကို ခွဲပေးနိုင်ခဲ့ရတာပါပဲ။ သူမနာမည်ကတော့ မသိန်းသိန်းယဉ်လို့ ခေါ်ပါတယ်။ ခွဲစိတ်ခန်းခုတင်ပေါ်မှာ အော်ဟစ်ရုန်းကန်နေတာမို့ ဒေါက်တာမိုးကျော်ခမျာ သီချင်းဆိုပြရ၊ ကဗျာရွတ်ပြရ၊ ချော့လိုက်၊ ခြောက်လိုက် အသံမျိုးစုံ၊ နည်းမျိုးစုံနဲ့ ခွဲပေးရတာမို့ အားလုံးပင်ပန်းခဲ့ရပါတယ်။

မျက်စိကလည်း နှစ်ဖက်လုံးမမြင်ရတဲ့အပြင် စိတ်ကလည်းပုံမှန်မဟုတ်ရှာတော့ မြင်စေချင်စိတ်နဲ့ စိတ်ရှည်သည်းခံခဲ့ကြရပါတယ်။ ထုံးစံအတိုင်း နောက်တစ်နေ့မြင်လည်းမြင်ရော စကားတွေပေါက်ကရမပြောတော့ဘဲ တည်တည်ငြိမ်ငြိမ်လေးဖြစ်နေတာတွေ့ရတော့ မျက်စိမမြင်ခင်နဲ့ မြင်ရပြီး စိတ်အခြေအနေရဲ့ခြားနားမှုကို တွက်ချင့်ကြည့်နေမိပါတယ်။ ဒီတော့လည်း ကျွန်မတို့ခရီးစဉ်တွေက မျက်စိအကြည်ဓာတ်ကို ဖော်ဆောင်ပေးရင်းမှသည် စိတ်အကြည်ဓာတ်ကိုပါ ပေးစွမ်းနိုင်ခဲ့တာမို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ဓမ္မစကြာတရားတော်ထဲက အတိုင်းပါပဲ။

ဒီလိုနဲ့ ရသေ့တောင်ခရီးစဉ်ကြီး အောင်အောင်မြင်မြင်ကျင်းပပြီးစီးခဲ့ပြီမို့ အောင်ပွဲအခမ်းအနားမဏ္ဍပ်ထဲမှ လူအုပ်ကြီးက တရွေ့ရွေ့ထွက်ခွာသွားနေကြပါပြီ။ ဝမ်းသာလှိုက်လှဲ ကျေးဇူးစကားတွေက မိုးယံထိ ပဲ့တင်ထပ်မျှလွင့်ပျံ့ခဲ့ကြပြီ။ အသံချဲ့စက်ဆီမှ ရခိုင်ရိုးရာသီချင်းသံက ငြိမ့်ငြိမ့်အေးအေးထွက်ပေါ်လို့လာခဲ့ပြီ။ အဲဒီအချိန်မှာပဲ လူအုပ်ကြီးရဲ့ စကားသံတွေကို ထိုးဖောက်ပြီး သီချင်းသံစူးစူးလေး ပေါ်ထွက်လာခဲ့ပါတယ်။

“ပင်လယ်ပြာပြာနန့် ... စိမ်းမြရိုးတောင်တန်း
လခြမ်းအလှပုံစံ ... သာစွလေ။
ရိုးရာသီချင်းသံ တကြိုင်ကြိုင် ... သဇင်ပန်းခိုင်တမြိုင်မြိုင်
ရခိုင်အစဉ်အဆက် ထွန်းကာနီ။
ရမ္မာ၊ ဒွါရဝတီ၊ ဓညမေဃဝတီ
လေးရပ်ဝတီ စည်းလုံးလို့ ... ငြိမ်းချမ်းသာစွလီ”

ကျွန်မတို့အားလုံး လှမ်းကြည့်လိုက်ကြတော့ လက်ချောင်းလေးတွေ ကွေးညွှတ်လို့ စည်းချက်မှာညင်သာစွာယိမ်းနွဲ့ကရင်း ရခိုင်အဆိုတော် ဝင်းကိုခိုင်ရဲ့ “ရခိုင်မြေ”သီချင်းကို အကျအနလိုက်ဆိုနေတဲ့ မသိန်းသိန်းယဉ်ကို တွေ့လိုက်ရပါတော့တယ်။ ဒါကြောင့်လည်း ကျွန်မတို့အားလုံး မှင်တက်အံ့သြစွာနဲ့ ပြိုင်တူလက်ခုပ်တွေ တီးလိုက်မိကြတယ်။

ဒီမြင်ကွင်းလေးကို ဘယ်လိုစာလုံးတွေနဲ့များ ပုံဖော်လို့ရနိုင်မှာလဲ။ လူအုပ်ကြီးရဲ့အပြုံးတွေ၊ ကြည်နူးမှုတွေနဲ့ အဖြူရောင်အလင်းတန်းတွေ၊ အားလုံးရဲ့ပေါင်းစည်းမှု၊ အောင်မြင်မှုပြယုဂ်တွေက ဆေးပန်းချီခြယ်မှုန်းလို့မရနိုင်တဲ့ ပန်းချီကားချပ်တွေအဖြစ်နဲ့ ကျန်ရစ်ခဲ့ရပြန်ပါပြီ။ အဲဒီအဖြူရောင် အလင်းလှိုင်းတွေကဖြင့် မြူမှုန်ပင်စိုးစဉ်းမျှ အညစ်အကြေးမထင်၊ ပကတိ ဖြူစင်သန့်ရှင်းတဲ့ မေတ္တာအကြည်ဓာတ်တွေနဲ့ ပေါင်းစည်းယှက်နွယ်မိတဲ့အခါမှာတော့ ရသေ့တောင်မြို့လေးတစ်ခုလုံး အလင်းရိပ်အောက်မှာ အေးမြငြိမ်းချမ်းစေခဲ့ရပြီလို့သာ ဆိုလိုက်ချင်ပါတော့တယ်။ ။

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် တမာလမ်းကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

(၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ မြဝတီ၌ကျင်းပ

မြဝတီ မေ ၉

(၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မြဝတီခရိုင် မြဝတီမြို့နယ် မီးသတ်တပ်ဖွဲ့ ဦးစီးဌာန၌ မေ ၅ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက (၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အမှာစကားပြောကြားသည်။ **(ယာပုံ)**

တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးဇော်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဖြိုးမင်းဇော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ (၆၂)ကြိမ်မြောက် သွေးလှူဒါန်းသူ မီးသတ်တပ်ဖွဲ့ တပ်စုမှူး ဦးရဲညွှန့်၊ ဗဟိုမီးသတ်သင်တန်းကျောင်း ပြင်ဦးလွင်တွင် ဖွင့်လှစ်သော ဆေးတပ်စု သင်တန်း အမှတ်စဉ်(၁၂)တွင် စံပြပထမဆု ရရှိသည့် ဒုတပ်ကြပ် ထွန်းထွန်းနိုင်၊ (၆၅)နှစ်မြောက် တပ်မတော်နေ့တွင် မြဝတီစစ်ကြောင်းမှ ပါဝင်ချီတက်ခဲ့သော တပ်စုမှူး ဦးညွှန့်သန်းနှင့် တပ်ကြပ်ချမ်းမြေ့အောင်တို့အား ဂုဏ်ပြုဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

(ခရိုင် ပြန်/ဆက်)

10-5 (10).pmd 1 5/10/2010, 1:27 AM

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

လီဗာပူးမှာ ဘင်နီတက်ဇ် ဆက်ရှိနိုင်ပါဦးမလား

ရေးသူ-အာကာကျော် စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

လန်ဒန် မေ ၈

ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းအောင်မြင်မှု အဆင့်လျော့ကျခဲ့ပြီးနောက် နည်းပြ ရာဖေးလ်ဘင်နီတက်ဇ်၏ အနာဂတ်နှင့်ပတ်သက်၍ အမျိုးမျိုးဝေဖန် လျက်ရှိသည်။

နည်းပြ ဘင်နီတက်ဇ်သည် ဂျူဗင်းတပ်စ်သို့ ပြောင်းရွှေ့ဖွယ်ရှိကြောင်း ထင်ကြေးပေးမှုများ ပိုမိုများပြားလာချိန်၌ပင် အသင်းပိုင်ရှင်များက နည်းပြ ဘင်နီတက်ဇ်နှင့် ဆက်တိုက်ဆွေးနွေးမှုများပြုလုပ်ရန် စီစဉ်ခဲ့ရာမှ မေ ၇ရက်က လီဗာပူးအသင်းဥက္ကဋ္ဌ မာတင်ဘရော့တန်နှင့် ပထမဆုံးဆွေးနွေးခဲ့သည်။

အပြန်အလှန်

ယခုအခါ နည်းပြဘင်နီတက်ဇ်သည် အသက် ၅၀ရှိပြီဖြစ်သည်။ ၄င်းအနေဖြင့် လီဗာပူးအသင်းဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးရန် တိုက်တွန်းခဲ့ခြင်းကို မေ၇ ရက် မတိုင်မီက ငြင်းဆိုခဲ့သည်။ ၄င်းသည် နှစ်ကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေးရန် ငြင်းဆိုခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း မေ၇ရက်က တွေ့ကြုံဆွေးနွေးမှုမှာ အပြုသဘောဆောင်သည့် တွေ့ဆုံဆွေးနွေးပွဲပင်ဖြစ်ကြောင်း၊ ဘုတ်အဖွဲ့နှင့် နည်းပြတို့အကြား လီဗာပူးအသင်း၏ စိုးရိမ်ဖွယ်ရာ အခြေအနေနှင့်ပတ်သက်၍ အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း လီဗာပူးအသင်း ပြောရေးဆိုခွင့်ရှိသူများက ပြောကြားသည်။

စာချုပ်ချုပ်ဆို

လီဗာပူးနည်းပြ ဘင်နီတက်ဇ်သည် ပြီးခဲ့သည့် နွေရာသီက အသင်းနှင့် နှစ်ရှည် စာချုပ်တစ်ရပ် ချုပ်ဆိုထားသည်။ ၄င်းသည် ထိုစာချုပ်ကြောင့် ၂၀၁၄ ခုနှစ်အထိ လီဗာပူးအသင်းကို ကိုင်တွယ်ရန် တာဝန်ရှိနေသည်။

စပိန်နိုင်ငံသား ဘင်နီတက်ဇ်သည် ၂၀၀၄ ခုနှစ်မှစ၍ လီဗာပူးအသင်းကို ကိုင်တွယ်ခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် လီဗာပူးအသင်းအတွက် ချန်ပီယံလိဂ်ဖလားဆွတ်ခူးပေးနိုင်ခဲ့သည်အထိ အောင်မြင်မှုများရရှိခဲ့သည်။ ထိုအချိန်မှစ၍ ဘင်နီတက်ဇ်သည် မန်ယူနည်းပြကြီး ဖာဂူဆန်၏ အဓိကပြိုင်ဘက်တစ်ဦး ဖြစ်လာခဲ့သည်။

လက်လွတ်

၂၀၀၆ခုနှစ်တွင်လည်း လီဗာပူးအသင်းကို အက်ဖ်အေဖလား ဆွတ်ခူးပေးနိုင်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် လည်း လီဗာပူးအသင်းကို ချန်ပီယံလိဂ် ဗိုလ်လုပွဲ ရောက်သည်အထိ ပို့ပေးနိုင်ခဲ့သည်။ သို့သော်လည်း ဗိုလ်လုပွဲတွင် အေစီမီလန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့၍ ဖလားလက်လွတ်ခဲ့ရသည်။

ဘင်နီတက်ဇ်သည် ယခုနှစ် နွေရာသီတွင် အောင်မြင်မှုများ အဆိုးရွားဆုံး လျော့ကျသွားသည်။ နိုဝင်ဘာလအတွင်းက လီဗာပူးအသင်းကို အမှတ်ပေးဇယား အဆင့်၄နေရာသို့ အနည်းဆုံးရောက်အောင် လုပ်ပေးမည်ဟု ၄င်းအနေဖြင့် ကတိဆိုထားခဲ့သည်။ ထိုကတိသည် ချယ်လ်ဆီးကို ပြီးခဲ့သည့် သီတင်းပတ်က နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့၍ နိဂုံးချုပ်ခဲ့ရပြီဖြစ်သည်။ ယင်းရှုံးနိမ့်မှုရလဒ်ကြောင့် လီဗာပူးတို့ လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲနှင့် လွဲရတော့မည်ဖြစ်သည်။ ယင်းမှာ ၂၀၀၂-၂၀၀၃ ဘောလုံးရာသီနောက်ပိုင်း ပထမဆုံး ချန်ပီယံလိဂ်ပြိုင်ပွဲနှင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်။

အကြိုဗိုလ်လုပွဲ

လီဗာပူးတို့ ချန်ပီယံလိဂ်နှင့် အက်ဖ်အေဖလား ပြိုင်ပွဲများမှ စောစီးစွာထွက်ခဲ့ရသည့်အပြင် ပြီးခဲ့သော သီတင်းပတ်က အက်သလက်တီကိုအသင်းကို ရှုံးနိမ့်ပြီး ယူရိုပါလိဂ် ဗိုလ်လုပွဲနှင့်လည်း လွဲချော်ခဲ့ရပြီဖြစ်သည်။

ရောင်းချ

ယင်းအခြေအနေများကြောင့် လီဗာပူးအသင်း ပိုင်ရှင်များဖြစ်ကြသည့် တွန်ဟစ်နှင့် ဂျော့ဂီးလက်တို့ကလည်း အသင်းကို ရောင်းချတော့မည့် အနေအထားရှိနေသည်။

စဉ်းစားရခက်

လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့် ဆုံးရှုံးခဲ့ပြီးနောက် ဘင်နီတက်ဇ်အနေဖြင့် လီဗာပူး အသင်းနည်းပြအဖြစ် ဆက်လက်ရပ်တည်ရေးမှာ မရေရာဖြစ်နေပေသည်။ ။

ကိုးကား-အင်တာနက်

ဒဏ်ရာရနေသောဘာရီ တစ်လခန့် အနားယူရဖွယ်



လန်ဒန် မေ ၉

မန်စီးတီးနှင့် အင်္ဂလန်ကွင်းလယ် ကစားသမား ဂရက်ဘာရီသည် ခြေမျက်စိထိခိုက် ဒဏ်ရာရခဲ့သဖြင့် တစ်လခန့် အနားယူ ဆေးကုသမှုခံယူရမည် ဖြစ်ကြောင်း ၄င်းအသင်းက ပြောကြားသည်။

ဒဏ်ရာရရှိ

အသက် ၂၉နှစ်ရှိ ဂရက်ဘာရီသည် စပါးနှင့်ကစားသည့်ပွဲတွင် ယင်းဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၄င်းဒဏ်ရာကြောင့် ကမ္ဘာ့ဖလားနှင့်လည်း လွဲချော်မည့် အနေအထားရှိနေကြောင်း မန်စီးတီးအသင်းက ပြောကြားသည်။

ရွေးချယ်ရန်

အင်္ဂလန်နည်းပြ ကာပယ်လိုသည် မေ၂၄ရက်တွင် မက္ကဆီကိုအသင်းနှင့်လည်းကောင်း၊ မေ ၃၀ရက်၌ ဂျာမနီအသင်းနှင့်လည်းကောင်း ချစ်ကြည်ရေးပွဲများ ကစားရန် စီစဉ်ထားသည်။ ယင်းပွဲများအပြီးတွင် ကမ္ဘာ့ဖလားအတွက် ကာပယ်လိုသည် ကစားသမား ၂၃ဦးကို ရွေးချယ်ရန် စီစဉ်ထားသည်။ (အင်တာနက်)

အီစထရိုးင်း အိုးပင်းတင်းနစ် အကြိုဗိုလ်လုပွဲ ဖက်ဒဲယာ တက်ရောက်



အီစတိုရီ မေ ၉

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယာသည် အီစထရိုးင်း အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပြင်သစ်မှ ကလီမက်အားအနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ယှဉ်ပြိုင်

ဖက်ဒဲယာသည် အကြိုဗိုလ်လုပွဲတွင် စပိန်နိုင်ငံမှ လက်ရှိချန်ပီယံ အယ်ဘတ်မွန်တာနက်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံသား ဖက်ဒဲယာသည် အဆိုပါဖလားကို ၂၀၀၈ခုနှစ်က ရုရှားတင်းနစ်ကစားသမား ဒေဗီဒန်ကိုအား အနိုင်ရပြီး ဗိုလ်စွဲခဲ့သည်။ **(အင်တာနက်)**

မန်စီးတီးနည်းပြ မန်စီနီ အသင်းတွင် ဆက်လက်ရှိနေမည်

လန်ဒန် မေ ၉

မန်စီးတီးနည်းပြ ရော်ဘတ်တိုမန်စီနီသည် အသင်းနည်းပြအဖြစ် နှစ်အတန်ကြာ ဆက်ရှိနေလိမ့်မည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ခါတွန်အယ်လ်မူဘာရက်က ပြောကြားသည်။

အဆုံးသတ်

မန်စီးတီးတို့၏ အမှတ်ပေးဇယား နံပါတ် ၄နေရာ မျှော်လင့်ချက်မှာ စပါးကို တစ်ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အဆုံးသတ်ခဲ့ရပြီ ဖြစ်သည်။

ကြိုးစားပေး

နည်းပြ မန်စီနီသည် နည်းပြကောင်းတစ်ဦးဖြစ်ကြောင်း၊ ၄င်းအနေဖြင့် ရာသီတစ်ဝက်တွင် နည်းပြ မာ့ခ်ဟုချ်ထွက်သွား၍ နည်းပြတာဝန်ယူခဲ့ရသော်လည်း အသင်းကို အထိုက်အလျောက် အောင်မြင်အောင် ကြိုးစားပေးနိုင်ခဲ့ကြောင်း အသင်းဥက္ကဋ္ဌက ပြောကြားသည်။

(အင်တာနက်)

မြင့်မောင်စိုး-စုစည်းသည်

တောရက်စ်နှင့် ဂျရတ်တို့အား ကြွေးဆပ်ရန် ရောင်းချမည်မဟုတ်

လန်ဒန် မေ ၉

လီဗာပူးအသင်း၏ ကြွေးမြီခေါင်ခိုက်နေလင့်ကစား အဓိကကစားသမားများဖြစ်သည့် တောရက်စ်နှင့် ဂျရတ်တို့ကို ရောင်းမည်မဟုတ်ကြောင်း လီဗာပူးအသင်း ဥက္ကဋ္ဌ မာတင်ဘရော့တန်က အခိုင်အမာပြောကြားသည်။

ရောင်းမည်

အဆိုပါ အသင်း၏ ကြွေးမြီမှာ ၂၀၀၉ခုနှစ် ဇူလိုင်လကုန်အထိ ပေါင် ၅၄၁သမ ၉သန်းရှိကြောင်း၊ တောရက်စ်နှင့် ဂျရတ်တို့ကို ထုတ်ရောင်းလျှင် ကြွေးမြီလျော့ပါးသက်သာစေနိုင်ကြောင်း၊ သို့သော် ကစားသမားနှစ်ဦးအား ရောင်းချမည်မဟုတ်ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။ (အင်တာနက်)

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

အိုနျူယိုဟာအား ခေါ်ယူရန် အဲဗာတန်ကြိုးပမ်း

အဲဗာတန်အသင်းသည် မန်စီးတီးအသင်း၏ အသက် ၂၃ နှစ်အရွယ်ရှိ စွယ်စုံရကစားသမား နီဒမ်အိုနျူယိုဟာအား ပြောင်းရွှေ့ကြေးပေါင် ၃ဒသမ၇၅ သန်းပေးကာ ခေါ်ယူရန် ကြိုးပမ်းနေသည်။

ဂိုးသမားဂိုမက်စ်အား ဘိုင်ယန် ပစ်မှတ်ထား

စပါးအသင်းဂိုးသမား ဟူရီလိုဂိုမက်စ်အား ဘွန်ဒက်စ်လီဂါထိပ်သီးအသင်း ဘိုင်ယန်မြူးနစ်က စာချုပ်ခေါ်ယူရန် ပစ်မှတ်ထားနေသည်။

ဝုဖ်ဘတ်ဂ်ကွင်းလယ်မှ ဟာဆီဘီအား ဘာမင်ဂမ်ခေါ်ယူလို

ဘာမင်ဂမ်အသင်းသည် ဘွန်ဒက်စ်လီဂါအသင်း ဝုဖ်ဘတ်ဂ်မှ အသက် ၂၆ နှစ် အရွယ်ရှိ ဂျပန်လက်ရွေးစင်ကွင်းလယ်ကစားသမား မာကိုတိုဟာဆီဘီအား ခေါ်ယူလိုသည်ဟု ဆိုသည်။

ရောမအိုးပင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ဂျန်ကိုဗစ် တက်ရောက်

အီတလီနိုင်ငံ ရောမမြို့၌ ကျင်းပလျက်ရှိသော ရောမအိုးပင်းတင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် အမေရိကန် တင်းနစ်မယ် ဆီရီနာဝီလျံအား ဆားဘီယား တင်းနစ်မယ် ဂျီလီနာဂျန်ကိုဗစ်က ၄-၆၊ ၆-၃၊ ၇-၆(၇-၅)ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ကြောင်း၊ ဂျန်ကိုဗစ်သည် အခြားအကြိုဗိုလ်လုပွဲတွင် အန်နာအီဗာနိုဗစ်အား ၆-၄၊ ၆-၂ဖြင့် အနိုင်ရရှိခဲ့သူ မာရီယာဂျို့စ်မာတီနက်ဇ်ဆန်ချက်ဇ်နှင့် ဗိုလ်လုပွဲတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပလေးယားစ်ချန်ပီယံရှစ် ဂေါက်ရိုက်ပြိုင်ပွဲ ဝက်စ်ဝုဒ် ဦးဆောင်

အမေရိကန်ဖလော်ရီဒါပြည်နယ်တွင် ကျင်းပလျက်ရှိသော ပလေးယားစ်ချန်ပီယံရှစ်ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဆင့် ပတ်လည်ပြိုင်ပွဲတွင် အင်္ဂလန်ဂေါက်သီးကစားသမား လီဝက်စ်ဝုဒ်သည် သတ်မှတ်ရိုက်ချက်အောက် ၁၄ချက် လျှော့ရိုက်ကာ ဒုတိယနေရာမှ သြစတြေးလျ ဂေါက်သီးကစားသမား ရောဘတ်အယ်ဗင်ဆိုင်ထက် လျှော့ရိုက်ချက် တစ်ချက်အသာဖြင့် ဦးဆောင်နေသည်။

လီဗာပူးနည်းပြဖြစ်လာရန် ဟော့ဒ်ဆန် ရေပန်းစား

နည်းပြဘင်နီတက်ဇ် လီဗာပူးမှ ထွက်ခွာလျှင် ၄င်း၏နေရာကို ဆက်ခံမည့်သူအဖြစ် အသက် ၆၂နှစ်အရွယ်ရှိ ဖူလ်ဟမ်နည်းပြ ရွိုင်ဟော့ဒ်ဆန်က ထိပ်ဆုံးမှ ရေပန်းစားနေကြောင်း၊ အကယ်၍ ယင်းတာဝန်ကို ယူဖြစ်ခဲ့ပါက နည်းပြလောကမှ အနားမယူမီ ကြီးကျယ်ခမ်းနားပြီး ကြီးလေးသော တာဝန်တစ်ခုကိုထမ်းဆောင်ခွင့်ရခြင်းဖြစ်မည်ဟု ဆွစ်ဇာလန် လက်ရွေးစင်အသင်းနှင့် အင်တာမီလန်နည်းပြဟောင်း ဟော့ဒ်ဆန်က ပြောကြားခဲ့ကြောင်း သိရသည်။

ဒီဂျိုကိုဗစ် မက်ဒရစ်အိုးပင်းနှင့်လွဲချော်မည်

ပြီးခဲ့သည့် မေ ၇ရက်က အသက် ၂၂နှစ်အရွယ်ရှိ ကမ္ဘာ့အဆင့်(၂) ဆားဘီးယား တင်းနစ်ကစားသမား နိုဗက်ဒ်ဒီဂျိုကိုဗစ်သည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများကြောင့် ဆားဘီးယားအိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမပွဲစဉ်တွင် တစ်နိုင်ငံတည်းသား ပြိုင်ဘက် ဖီလစ်ကရာဂျီနိုဗစ်အား ၆-၄ဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ အနားယူခဲ့ရကြောင်း၊ ၄င်းသည် ယခုသီတင်းတစ်ပတ်အတွင်း စပိန်နိုင်ငံ၌ ကျင်းပမည့် မက်ဒရစ်အိုးပင်းနှင့်လည်း လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

စပိန်လာလီဂါပွဲစဉ်(၃၇) အနိုင်အရှုံးရလဒ်

ဗီလာရီရဲ	၂ - ၀	ဗလင်စီယာ
တီနီရစ်ဖ်	၂ - ၂	အယ်လ်မီးရီးယား
ဒီပိုတီဗို	၁ - ၀	မာလော့ကာ
ဇီရက်ဇ်	၃ - ၂	ရီရဲဇာရာဂိုဇာ
အက်စ်ပန်ညို	၂ - ၁	အိုဆာဆူနာ
ရီရဲမက်ဒရစ်	၅ - ၁	ဘီလ်ဘာအို
စပို့တင်းဂီဂျွန်	၁ - ၁	အက်သလက်တီကို
ဂီတာဖေး	၂ - ၁	မာလာဂါ
ဆီဗီလာ	၂ - ၃	ဘာစီလိုနာ
ဗယ်လာဒိုးလစ်	၂ - ၁	ရေးဆင်း

(အင်တာနက်)

နေပြည်တော် INAX အရောင်းပြခန်းဖွင့်ပွဲနှင့် SONY, LG, T-Home Electronics ပစ္စည်းများ အရောင်းမြှင့်တင်ပွဲ ကျင်းပ

နေပြည်တော် မေ ၉

ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသော INAX ကြွေပြား၊ ကျောက်ပြားများနှင့် ရေချိုးခန်းသုံးပစ္စည်းများကို မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိနေသော TMW Enterprise Ltd. ၏ နေပြည်တော် INAX အရောင်းပြခန်းဖွင့်ပွဲနှင့် SONY, LG,T-Home Electronics ပစ္စည်းများ အရောင်းမြှင့်တင်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် သီရိရတနာ အဆင့်မြင့်ဈေးရှိ အမှတ် (၁၅၁/၁၅၃)၌ကျင်းပသည်။

ထိန်းသိမ်းပေးထား

ယခု ဖွင့်လှစ်လိုက်သည့် နေပြည်တော် INAX အရောင်းပြခန်းတွင် ၂၀၁၀ ခုနှစ် နောက်ဆုံးပေါ် ကြွေပြား၊ ကျောက်ပြား ဒီဇိုင်းမျိုးစုံကို အရောင်အသွေး စုံစုံလင်လင် ပြသရောင်းချပေးနေသည့်အပြင် အသက်ရှူကျောက်ပြား (Ecocarat)ဒီဇိုင်းမျိုးစုံကိုလည်း တွေ့မြင်နိုင်သည်။ အသက်ရှူကျောက်ပြား (Ecocarat) ၏ ထူးခြားချက်များမှာ အခန်းတွင်း စိုထိုင်းဆမြင့်လာပါက ရေခိုးရေငွေ့များကို စုပ်ယူပေးပြီး ခြောက်သွေ့နေပါက စုပ်ယူထားသော ရေခိုးရေငွေ့များကို ပြန်လည်ထုတ်လွှတ်ပေးခြင်းအားဖြင့် ကျန်းမာရေးအတွက် သင့်လျော်သော စိုထိုင်းဆ ၄၀ရာခိုင်နှုန်း၊ ၇၀ ရာခိုင်နှုန်းကို အစဉ်ထိန်းသိမ်းပေးထားသည်။

အသက်ရှူကျောက်ပြားသည် ပိုးမွှားပေါက်ပွားမှုနှင့် မှိုတက်မှုတို့ကို ထိန်းချုပ်ထားနိုင်ခြင်းကြောင့် ဓာတ်မတည့်ရောဂါ (Allergy) ဖြစ်ပွားမှုကို သက်သာစေနိုင်သည့်အပြင် အခန်းတွင်းရှိ မလိုလားအပ်သော မှိုနံ့၊ အိမ်မွေးတိရစ္ဆာန်များ၏ အနံ့၊ ဆေးလိပ်နှင့် မီးဖိုချောင်ထွက် အမှိုက်သရိုက်များ၏ အနံ့အသက်များကို လျော့နည်းစေပြီး အခန်းတွင်းရှိလေထုကို အမြဲသန့်ရှင်းလတ်ဆတ်စေသည်။ အန္တရာယ်ဖြစ်စေသော ဓာတုပစ္စည်းများ လုံးဝမပါရှိသည့်အပြင် ဆောက်လုပ်ရေးပစ္စည်းများမှ ထွက်ရှိလာသော အန္တရာယ်ဖြစ်စေတတ်သည့် ဓာတုပစ္စည်းများကိုစုပ်ယူပြီး လေထုကို သန့်ရှင်းအောင် ပြုလုပ်ပေးသည်။ ကြွေသားဖြင့် ပြုလုပ်ထားသောကြောင့် နေပူလောင်ခြင်း၊ အပူဓာတ်ကြောင့် အရောင်ပြောင်းသွားခြင်းမျိုး မရှိသည့်အပြင် ခြစ်ရာများ ဖြစ်ပေါ်လာရန် ခက်ခဲသည့် ထူးခြားကောင်းမွန်သော ခံနိုင်ရည်ရှိသည့် ဂုဏ်သတ္တိမျိုးကိုလည်း တွေ့မြင်နိုင်သည်။ အသက်ရှူကျောက်ပြားကပ်ထားသောနံရံများတွင် ညစ်ပေစွန်းထင်းသွားပါကလည်း ခဲဖျက်ဖြင့် အလွယ်တကူ သန့်ရှင်းရေး လုပ်ဆောင်နိုင်သည်။ ရေချိုးခန်းသုံး ပစ္စည်းများတွင်လည်း ဂျပန်နည်းပညာများဖြင့်ထုတ်လုပ်ထားသော နောက်ဆုံးပေါ် ဒီဇိုင်းမျိုးစုံသာမက မြန်မာပြည်နှင့် အထူးသင့်လျော်သော ရေကိုချွေတာသည့် စနစ်ပါရှိသော ရေဆွဲခလုတ် နှစ်မျိုးပါသည့် အိမ်သာအိုးများနှင့် မိသားစုတိုင်း၏ ရေချိုးခန်းတွင် အသုံးဝင်သော ဘေစင်၊ ရေခေါင်း အစရှိသည်တို့ကို ဒီဇိုင်းမျိုးစုံပြသထားသည်။

စုံစုံလင်လင်ပြသထား

SONY, LG, T-Home Electronics ပစ္စည်းများ အရောင်းမြှင့်တင်ပွဲ ပြခန်းတွင် ၂၀၁၀ ခုနှစ် SONY LCD Model မျိုးစုံ၊ နေအိမ်တွင် ရုပ်ရှင်ရုံတစ်ရုံအသွင်နှင့်မခြား ကြည့်ရှုခံစားနိုင်သော Home Theater များ၊ မိမိဘဝ၏ အမှတ်တရ အခါသမယများကို VIDEO မှတ်တမ်းတင်နိုင်သော Handycam များ၊ မိသားစု ပျော်ရွှင်စွာ ရိုက်ကူးနိုင်သော SONY ၏ ဒီဇိုင်းလှပသော Cybershot Camera များနှင့် အခြား SONY ပစ္စည်းမျိုးစုံကို စုံစုံလင်လင် ပြသထားသည်။ ကိုရီးယား သမ္မတနိုင်ငံမှ ထုတ်လုပ်သော LG Electronics များတွင်လည်း ၂၀၁၀ ခုနှစ်ထုတ် LCD TV, Plasma TV နောက်ဆုံးပေါ်တို့ကို ၂၂ လက်မမှ လက်မ ၅၀အထိနှင့် လေအေးပေးစက်၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ အစရှိသည့် အိမ်သုံးပစ္စည်းများကိုလည်း ပြသထားသည်။ TV, Water Cooler, DVD အစရှိသည့် Electronics ပစ္စည်းများကိုလည်း T-Home Brand တွင် တွေ့မြင်နိုင်ပြီး ကျန်းမာရေးအထောက်အကူပြု OTO Body Care Product များဖြစ်သည့် ပြေးစက်၊ အနှိပ်ခုံ၊ ခြေထောက် နှိပ်စက်နှင့် မျက်စိအကြောဖြေစက်တို့ကိုလည်း စုံစုံလင်လင် ပြသထားသည်။

ဆက်သွယ်စုံစမ်းဝယ်ယူနိုင်

TMW Enterprise Ltd. ၏ နေပြည်တော်အရောင်းပြခန်း ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် အရောင်းပြခန်းအတွင်း ရောင်းချပေးနေသော INAX, SONY, LG, T-Home, OTO ပစ္စည်းများကို အထူးလျှော့ဈေးများ၊ လက်ဆောင်များဖြင့် ယနေ့မှ မေ ၁၆ရက်အထိ ရောင်းချပေးသွားမည်ဖြစ်ပြီး ဝယ်ယူအားပေးလိုသူများ အနေဖြင့် အမှတ် (၁၅၁/၁၅၃) သီရိရတနာ အဆင့်မြင့်ဈေး နေပြည်တော် ဖုန်း-၀၆၇-၄၂၀၇၉၁၊ ၀၆၇-၄၂၀၉၆၆၊ ၀၆၇-၄၂၁၇၉၁ တို့တွင် ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

TMW Enterprise Ltd. ၏ နေပြည်တော် INAX အရောင်းပြခန်းဖွင့်ပွဲတွင် ကြွေပြား၊ ကျောက်ပြားများ၊ ရေချိုးခန်းသုံး ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများနှင့် နောက်ဆုံးပေါ် နည်းပညာသုံးပစ္စည်းများကို လာရောက်ဝယ်ယူအားပေးကြစဉ်။
(သတင်းစဉ်)



ပုဂံမင်းဆက်များရာဇဝင်စာအုပ် ပထမအကြိမ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၉

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များစုဝေးရာ ပထမမြန်မာနိုင်ငံတော် ပုဂံမြို့ဟောင်းတွင် ခရစ်နှစ် ၁၀၇ခုနှစ်မှ ၁၃၆၈ခုနှစ်အထိတိုင် နန်းစိုက်ခဲ့သည့် ပုဂံမင်း (၅၅)ဆက်တို့ အကြောင်းကို စုစည်းဖော်ပြထားသည့် စာရေးဆရာ တက္ကသိုလ်မောင်သုလှိုင် ရေးသားပြုစုထားသော **“ပုဂံမင်းဆက်များရာဇဝင်”** စာအုပ်ကို ရွှေမြန်မာစာပေမှ ထုတ်ဝေဖြန့်ချိလိုက်သည်။

ဆက်သွယ်ဝယ်ယူနိုင်

ထိုစာအုပ်တွင် ပုဂံပြည်ကြီးစတင်တည်ထောင်ပုံ သမိုင်းအကျဉ်းနှင့်အတူ ပုဂံပြည်ကြီးကို စတင်တည်ထောင်ခဲ့သော သမုဒ္ဒရာဇ်မင်းမှသည် နောက်ဆုံးမင်းဆက် စောမွန်နစ်မင်းသို့တိုင် ပုဂံမင်းအဆက်ဆက်တို့၏ အတ္ထုပ္ပတ္တိအကျဉ်းကို ၎င်းတို့၏ စွမ်းဆောင်ချက်များနှင့်အတူ တစုတစည်းတည်း ဖော်ပြထားသည်။ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုဂံညောင်ဦးတို့ရှိ စာအုပ်ဆိုင်ကြီးများနှင့် ရွှေမြန်မာစာပေ ဖုန်း-၀၉-၅၀-၀၆၃၇၇နှင့် ၅၄၁၆၃၆တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

လမ်းဘေးဈေးသည်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

စမ်းချောင်းမြို့နယ် ဗဟိုလမ်းနှင့် မကြီးကြီးလမ်းထောင့်ရှိ ရှမ်းလမ်းဈေး (ဥဈေး) တွင် လမ်းဘေးဈေးသည်များ ရောင်းချနေမှုကြောင့် လမ်းသွားပြည်သူများ သွားလာရခက်ခဲခြင်း၊ ကားရပ်နားရန် နေရာခက်ခဲခြင်းတို့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

စည်းကမ်းရှိစေလိုသူ

တိုက်ဘေးလမ်းကြား အမှိုက်များကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား-

လှိုင်မြို့နယ် (၂)ရပ်ကွက် သီရိ ၄လမ်း တိုက်အမှတ် ၁၀၁(ဘီ)နှင့် ၁၀၃(အေ)အကြားတွင် အနောက်ဘက်သို့ ရှစ်ပေသွပ်ဖြင့်အသေပိတ်ပြီး အရှေ့ဘက်တွင် တံခါးတပ်သော့ခတ်ကာ တစ်ဖက်ယပ်သွပ်မိုးပြီး အမှိုက်များ၊ ပရိဘောဂအဟောင်းများ၊ ဘိလပ်မြေအိတ်ခွံများ၊ ရွှေပေါ်စာများ၊ ဖျာလိပ်များ၊ ဂျပ်ပုံးခွံများသိုလှောင်ထားရာ အနောက်ဘက် ရေမြောင်းသန့်ရှင်းရေးလုပ်ရန် ဝင်မရခြင်း၊ မိလ္လာကန်စုပ်ရန်ဝင်မရခြင်း၊ မီးဘေးစိုးရိမ်နေရခြင်းတို့ကြောင့် သက်ဆိုင်ရာက ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်ရသူ

မုန့်လုပ်ငန်းမှ အညော်နံ့ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

သဃ်န်းကျွန်းမြို့နယ် ဇ/မြောက်ရပ်ကွက် ရွာလယ်လမ်းရှိ မုန့်မျိုးစုံလုပ်ငန်းမှာ၂၄ နာရီ ပိတ်ရက်မရှိ လုပ်ကိုင်နေကြခြင်းအတွက် အညော်နံ့မျိုးစုံအပြင် မုန့်ဖုတ်သည့် သံပန်းများ ထုရိုက်သည့်အသံများ၊ အောက်ပစ်ချသံများကြောင့် ပတ်ဝန်းကျင်နေထိုင်ကြသူများမှာ ကျန်းမာရေးထိခိုက်ရပါသဖြင့် အဆိုပါလုပ်ငန်းအား ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အညော်နံ့မခံနိုင်သူ

ခွေးလေခွေးလွင့်များ ရှင်းလင်းပေးပါရန်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၁)ရပ်ကွက် ၅၂လမ်း (အလယ်လမ်း)တွင် ခွေးလေခွေးလွင့်များ ပေါများနေပြီး လမ်းသွားလမ်းလာများနှင့် ပတ်ဝန်းကျင်တွင်နေထိုင်သူကလေးငယ်များအား မကြာခဏလိုက်ဆွဲနေ၍ အဆိုပါ ခွေးလေခွေးလွင့်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ကြက်ခြံ အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

မိတ္ထီလာမြို့ မိတ္ထီလာ-ကျောက်ပန်းတောင်း အမြန်လမ်းမကြီး၏ မြောက်ဘက် အောင်ဆန်းမြို့သစ် စစ်မှုထမ်းဟောင်းရပ်ကွက်(၁)လမ်းရှိ ကြက်ခြံကြောင့် မီးရေးထင်းရေးအတွက် ပြေးလမ်းပိတ်ဆို့နေခြင်း၊ ကြက်ခြံ အနံ့ဆိုးများကြောင့် သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်ရပါ၍ ထိုကြက်ခြံကို လိုအပ်သလိုကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ထိတ်လန့်စိုးရိမ်နေရသူများ

ရေရရှိရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

ရွှေဘိုမြို့ မဟာနန္ဒာကန်တော်မှ မြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေပေးဝေလျက်ရှိရာ အခြားရပ်ကွက်နှင့်လမ်းများသို့ ရေလာသော်လည်း သရက်ခြံ ၆လမ်းတွင် ရေမလာသည်မှာ နှစ်ချီကြာမြင့်နေပြီဖြစ်ပါသဖြင့် ရေရရှိရေးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

(၆)လမ်းသား

သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တပင်ရွှေထီးလမ်းမတစ်လျှောက်မှအပ အမှတ် (၈)ရပ်ကွက်အတွင်းနေ ပြည်သူများ သောက်သုံးရေမရ၍ အခက်အခဲကြုံနေရသည်မှာ တစ်လခန့်ရှိပြီဖြစ်ရာ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အမှတ်(၈)ရပ်ကွက်သား

သံတံခါးလုပ်ငန်း ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် ယုဇနလမ်းရှိ သံပန်း၊ သံတံခါး အလုပ်ရုံမှ နေ့စဉ် သံဖြတ်ခြင်း၊ သံထုခြင်း၊ ကျောက်စက်တိုက်ခြင်း၊ ဝရိန်ဆော်ခြင်းနှင့် မီးစက်မောင်းသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများအတွက် အန္တရာယ်ရှိပါ၍ ရပ်ကွက်အတွင်းမှ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ဒေါပုံသား

ဆန်စက်စပါးခွံကြောင့် ကျန်းမာရေးထိခိုက်မှုဆောင်ရွက်ပြီး

၁၂-၄-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက်ရှိ ပြည်သူများသောက်သုံးရေကန်အနီးတွင် ဆန်စက်တည်ဆောက်ထား၍ ယင်းဆန်စက်မှဖုန်များ၊ စပါးခွံများလွင့်ကျခြင်းတို့ကြောင့် သောက်သုံးရေများ ညစ်ညမ်းပျက်စီးနိုင်ပြီး ကျန်းမာရေးထိခိုက်နိုင်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ကျန်းမာရေးထိခိုက်ရ၍ နှမ်းလှော်ဖို ပြောင်းရွှေ့ဆောင်ရွက်ပြီး

၂၉-၃-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မကွေးမြို့ အောင်မေတ္တာရပ်ကွက် အဝေရာလမ်း ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)၏ မြောက်ဘက်တွင်ရှိသော နှမ်းလှော်ဖိုလုပ်ငန်းမှထွက်ရှိသော အညော်နံ့များကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

10-5 (12).pmd 1 5/10/2010, 1:27 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး 65th Anniversary of the Victory in the Great Patriotic War (1941-1945) ညှော်ခံပွဲအခမ်းအနား တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်းတို့သည် မေ ၈ရက် ညနေ ၆နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်း အမှတ်(၃၈)ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံး၌ ကျင်းပသည့် 65th Anniversary of the Victory in the Great Patriotic War (1941-1945) ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mikhail MGELADZE နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့်ဇနီးများ၊ သံရုံးအရာရှိများ၊ စစ်သံမှူးများနှင့်ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်းတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံး၌ကျင်းပသည့် 65th Anniversary of the Victory in the Great Patriotic War (1941-1945) ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mikhail MGELADZE နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)